မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၉၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✻ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး

✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး

✻ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

✻ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တောင်ငူခရိုင် ဖြူးမြို့နယ် ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ၊ ဖြူးမြို့နယ် အထက (၁) ကျောင်းဝင်းအတွင်း၌ ရွှေနှင်းဆီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲများကျင်းပ

နေပြည်တော် ဧပြီ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဖြူးမြို့ရှိ အဆိုပါဆေးရုံဝင်းအတွင်း မင်္ဂလာမဏ္ဍပ်၌လည်းကောင်း၊ ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ရွှေလက်ရာကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် ရွှေနှင်းဆီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌လည်းကောင်း၊ ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆) ခုတင်ဆံ့တိုက်နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲကို မွန်းလွဲ ၁ နာရီတွင် အဆိုပါဆေးရုံ၌လည်းကောင်း ကျင်းပသည်။

ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ

ဖြူးမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံမှာ RC ကွန်ကရစ်အမျိုးအစားဖြစ်ကာ နှစ်ထပ်ဆောင် တစ်ဆောင်နှင့် တစ်ထပ်ဆောင် သုံးဆောင်ပါရှိသည်။ ဆေးရုံသစ်တွင် အရေးပေါ်လူနာဌာန၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သွားကုသဌာန၊ ပြင်ပလူနာဌာန၊ ဆေးစတိုခန်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ◆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဖိလစ်ပိုင်ရှိ တာအယ်မီးတောင်လှုပ်ရှားလာ

ဖိလစ်ပိုင်နိုင်ငံတွင် မီးတောင်ရှင် ၃၃ လုံး ရှိသည့်အနက် တာအယ်မီးတောင်မှာ မကြာခဏလှုပ်လေ့ရှိသော မီးတောင်ဖြစ်သည်။ (စာ - ၄)

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

အင်္ဂါဂြိုဟ်ပေါ်မှ ထူးခြားသော ပုံရိပ်များ

ချိုင့်ဝှမ်းငယ်များမှာ တစ်ချိန်က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် မီးတောင်ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် သေးငယ်သော ချိုင့်ဝှမ်းနေရာများအဖြစ် ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ (စာ - ၇)

ရမည်းသင်းတွင် ဆီးသီးလှိုင်လှိုင်ထွက်၊ တောင်သူများ ဈေးကောင်းရ

“ယမန်နှစ်က မိုးကောင်းတာမို့ ဆီးသီးအထွက်ကောင်းသလို ဈေးနှုန်းလည်း ယမန်နှစ်ကထက် ပိုမိုရရှိလို့ ဝမ်းသာပီတိ ဖြစ်ရပါတယ်။” (စာ - ၆)

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၁၁ ရက်)

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော် ပျော်ရွှင်စွာနွှဲပျော်

တန်ခူးလသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် မြန်မာ့နှစ်ဦး၊ နှစ်သစ်၏ ပထမလဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီပွဲများအနက် တန်ခူးလ၌ကျင်းပသည့် နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ရက်အရှည်ဆုံးနှင့် အစည်ကားဆုံးဖြစ်သည်။

သင်္ကြန်ဟူသောစကားသည် သင်္ကြန္တဟူသော သက္ကတစကားနှင့် သင်္ကန္တဟူသော ပါဠိစကားတို့မှ ပြောင်းလဲဆင်းသက်ခဲ့ခြင်းဖြစ်သည်။ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရ၍ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်သည် ပျော်ရွှင်ရုံသက်သက်သာမက မြန်မာတို့၏ ရိုးရာယဉ်ကျေး သိမ်မွေ့သော ဓလေ့စရိုက်လက္ခဏာများ လွှမ်းခြုံသော ပွဲတော်လည်းဖြစ်သည်။

မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲတော်သည် ပူအိုက်သောနွေရာသီတွင် ကျရောက်သဖြင့် ပူလောင်ခြင်းမှ သက်သာစေရန် ရေစင်အေးအေးဖြင့် ပက်ဖျန်းကြသည်။ တစ်ဖက်သားအား ကာယိန္ဒြေမဲ့စေရန်၊ အရှက်တကွဲ အကျိုးနည်းစေရန် မပြုရပေ။ ရေသည် အညစ်အကြေးဟူသမျှကို သန့်ရှင်းစင်ကြယ်စေသကဲ့သို့ သင်္ကြန်ရေဖြင့် ပက်ဖျန်းကစားသူများသည် အေးချမ်းမှုကိုရရှိစေပြီး ကိုယ်စိတ်နှစ်ပါးကို သန့်ရှင်းစင်ကြယ်စေသည်။

သင်္ကြန်ကာလ တန်ခူးလရာသီတွင် ရာသီပန်းများအနေဖြင့် ကံ့ကော်ပန်း၊ ရင်ခတ်ပန်းနှင့် ပိတောက်ပန်းတို့ ပွင့်လန်းပြီး အထူးသဖြင့် သင်္ကြန်မိုးနှင့်အတူ ပိတောက်ပန်းများ ပင်လုံးကျွတ်မျှ ဖူးပွင့်ဝေဆာသော အချိန်ကာလဖြစ်သည်။

အတာသင်္ကြန်ကာလသည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို ဖော်ညွှန်းသဖြင့် သင်္ကြန်ရက်များအတွင်း ရေပက်ဖျန်းကစားကြရာတွင် ယဉ်ကျေးမှုမရှိသော၊ အများကိုထိခိုက်နစ်နာစေသော ရေပက်ခြင်းမျိုးကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ မူးယစ်သောက်စားရမ်းကားခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဆန့်ကျင်သောပြုမူ၊ ပြောဆို၊ ဝတ်စားဆင်ယင်ခြင်းတို့ကို မပြုမိစေရန် သတိပြုကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာတို့၏ ရိုးရာသင်္ကြန်ကာလ နှစ်သစ်ကူး ရေကစားပွဲတော်တွင် ပြည်သူများ ရိုးရာယဉ်ကျေးမှုမပျက် ပျော်ရွှင်စွာဖြင့် ရေကစားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဦးမြင့်လှိုင်အား ဗီယက်နမ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chu Cong Phung သည် ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းတိုးမြှင့် ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပုသိမ်မြို့ဆေးရုံကြီး၌ကျင်းပ

ပုသိမ် ဧပြီ ၁၀

ဧရာဝတီတိုင်းဒေသကြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင်ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဦးစိုးမြင့်က ဖတ်ကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ တိုင်းဒေသကြီး အဆင့်မြင့်ပညာ၊ အခြေခံပညာမှဝန်ထမ်းများ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းဝင်များ၊ ကြက်ခြေနီအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပုသိမ်မြို့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သူနာပြု သားဖွားသင်တန်းကျောင်းမှ သင်တန်းသူများ၊ INGOs အဖွဲ့များ စုစုပေါင်း ၁၃၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးကာကွယ်ရေး အုတ်တွင်း၌ သရုပ်ပြ

အုတ်တွင်း ဧပြီ ၁၀

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဖောမိကုန်းကျေးရွာရှိ အမှတ်(၆၉) သစ်စက်၌မီးဘေးကြိုတင်ကာကွယ်ရေး အတွက်မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၈ ရက်က အဆိုပါ သစ်စက်၌ ကျင်းပရာ ပဲခူးတိုင်းအရှေ့ခြမ်းဒေသ မန်နေဂျာ ဦးလှဌေး၊ တိုင်းအင်ဂျင်နီယာ ဦးကျော်တင့်၊ စက်ရုံမှူး ဦးထွန်းသိန်း၊ အုတ်တွင်းမြို့နယ် မီးသတ်စခန်းတာဝန်ခံ ဦးသိန်းမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သစ်စက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး အုတ်တွင်း မီးသတ်စခန်းတာဝန်ခံနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးမီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့ သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (၁၁၅)

မီးဘေးရှောင် မလောင်ခင်တား

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မိုင်းဆတ်၌ ပညာပေးဟောပြော

မိုင်းဆတ် ဧပြီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကကြီးမှူး၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး(ကျိုင်းတုံ)က ဦးစီးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက မိုင်းဆတ်မြို့ သီရိရတနာခန်းမ၌ ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(ကျိုင်းတုံ)မှ ဒုတိယဦးစီးမှူး ဦးစိုင်းလုံးကျော်၊ စစ်ဆေးရေးမှူး-၂ ဦးအောင်မိုးနှင့် မိုင်းဆတ်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်မှူး ဒုတိယရဲမှူး သန်းအောင်၊ မြို့နယ်ဥပဒေအရာရှိ ဦးဘိုဘိုနိုင်တို့က ယာဉ်မတော်တဆမှု လျော့နည်းရေး၊ မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့်စည်းကမ်းများကို ဟောပြောကာ လမ်းညွှန်လမ်းအမှတ်အသား၊ အချက်ပြမီးများနှင့် ယာဉ်တိုက်ခိုက်မှု/တိမ်းမှောက်မှုမှတ်တမ်းဓာတ်ပုံများကို ပရိုဂျက်တာဖြင့် ရှင်းလင်းခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။ (ကညန)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စမ်းချောင်းမြို့နယ် စစ်ကိုင်းလမ်း အမှတ်(၁၁)နေ ဦးစိုးသိန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်သွယ်လယ်ယာ-ငြိမ်း)-ဇနီး ဒေါ်မြထွေးရီမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၂၅၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးအေးထွန်း လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့ရှိသူ	- ထောင်(၁)နှစ်
၂။	ကစားသူ	- ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	- ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့နာယက အမေရိကန်စစ်သံမှူး Col. Brey R. Sloan နှင့် နိုင်ငံခြားစစ်သံမှူးများ၊ ၎င်းတို့၏ မိသားစုဝင်များ ပူတာအိုမြို့နယ် မူလာရှီးဒီ ဂျစ်ကားကူး ကြိုးတံတားနှင့် သဘာဝပတ်ဝန်းကျင် အလှအပများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုဝင်များ ပူတာအိုမြို့နှင့် မြစ်ကြီးနားမြို့တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေ၏ဇနီး ဒေါ်ဝင်းဝင်းမော်နှင့် တပ်မတော်အရာရှိကြီးများ၊ ၎င်းတို့၏ဇနီးများဦးဆောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့နာယက အမေရိကန်စစ်သံမှူး Col. Brey R. Sloan နှင့် ခင်ပွန်း၊ နိုင်ငံခြားစစ်သံမှူးများ၊ ၎င်းတို့၏ မိသားစုဝင်များ ပါဝင်သော လေ့လာရေးအဖွဲ့ဝင်များသည် ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် တောတောင်သဘာဝအလှရှုခင်းများကို ကြည့်ရှုလေ့လာရန်အတွက် ဧပြီ ၈ ရက်က ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာလာရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်သို့ရောက်ရှိကာ ထိုမှတစ်ဆင့် မွန်းလွဲပိုင်းတွင် ပူတာအိုလေဆိပ်သို့ ရောက်ရှိကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာရှိ မူလာရှီးဒီ ဂျစ်ကားကူးကြိုးတံတားနှင့် တောတောင်သဘာဝပတ်ဝန်းကျင် အလှအပများကို လည်းကောင်း၊ မူလာရှီးဒီကျေးရွာရှိ တိုင်းရင်းသားကျေးရွာ၌ လီဆူးတိုင်းရင်းသားများ၊ ရဝမ်တိုင်းရင်းသားများ၏ ရိုးရာလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ညနေပိုင်းတွင် မူလာရှီးဒီချောင်းအတွင်းဖောင်စီးကာ အပန်းဖြေကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များအား ပူတာအိုတပ်နယ်မှ ခါကာဘိုရာဇီရိပ်သာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လေ့လာရေးအဖွဲ့ဝင်များသည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် မချမ်းဘောမြို့နယ် ကောင်းမှုလုံကျေးရွာရှိ ကောင်းမှုလုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့ကို ဆက်သွယ်ထားသည့် မလိခ ကြိုးတံတားနှင့် မချမ်းဘောမြို့နယ်ရှိ ကျောက်နဂါးရှုခင်းသာတို့ကို ကြည့်ရှုလေ့လာကြသည်။

အမှတ်တရ လက်ဆောင်ပေး

ညပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့်ဇနီးတို့က လေ့လာရေးအဖွဲ့ဝင်များအား မြစ်ကြီးနားမြို့ မလိခရိပ်သာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ ယင်းနောက် ဧရာဝတီမြစ်အတွင်း ဆီမီးမျှော၍ မီးရှူးမီးပန်းများပစ်ဖောက်ကာ စစ်သံမှူးများနှင့် မိသားစုဝင်များသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့်အတူ ကချင်ရိုးရာ မနောအကကို တပျော်တပါး ပါဝင်ကခုန်ကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် ကျိန်ခရန်ကျေးရွာအနီးရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ အောင်မြင်သာစံပြကျေးရွာသစ်ကိုလည်းကောင်း ကြည့်ရှုလေ့လာကြပြီး အထူးလေယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ် တန်ခူးလဆန်း ၈ ရက် (ဥပုသ်နေ့)
၁၁-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ခါသကြံန်အဆိုအကများ
၈:၁၅ ၇။ **၄က်တစ်သောင်း**
၈:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ ခါသကြံန်အဆိုအကများ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄:၂၀ ၃။ ဂုဏ်သတင်းဝေဖြာ ဒုံမင်းပဒေသာ (သူ့လက်သံ)
၄:၃၀ ၄။ ခါသကြံန်အဆိုအကများ
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၂၀ ၈။ ခါသကြံန်အဆိုအကများ
၅:၃၅ ၉။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၂၃)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **ကမ္ဘာကျော်သရုပ်ဆောင်များ**
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၁၈)
၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၀။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများအဖွဲ့နာယက အမေရိကန်စစ်သံမှူး Col. Brey R. Sloan နှင့် နိုင်ငံခြားစစ်သံမှူးများ၊ ၎င်းတို့၏ မိသားစုဝင်များ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ် မိုး

၁၀-၄-၂၀၁၁

ကော့ကရိတ်မြို့	၂ ဒသမ ၅၂	လက်မ
လောင်းလုံမြို့	၂ ဒသမ ၀၁	လက်မ
ရေးမြို့	၁ ဒသမ ၅၇	လက်မ
ချောင်းဆုံမြို့	၁ ဒသမ ၁၄	လက်မ
ဘားအံမြို့	၀ ဒသမ ၉၉	လက်မ
မော်လမြိုင်မြို့	၀ ဒသမ ၆၇	လက်မ
မြိတ်မြို့	၀ ဒသမ ၆၇	လက်မ

အလယ်ပိုင်းဒေသများ နေ့အပူချိန်တိုးလာနိုင်

နေပြည်တော် ဧပြီ ၁၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၁၁ ရက် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

11-4 (03).pmd 1 4/11/2011, 2:38 AM

နိုင်ငံတကာသတင်းများ

ရှစ်လုံးမြောက် ဂြိုဟ်တု တရုတ် လွှတ်တင်မည်



စီချန်း ဧပြီ ၁၀

တရုတ်နိုင်ငံက ရှစ်လုံးမြောက်ဂြိုဟ်တုတစ်လုံးကို လာမည့်ရက် အနည်းငယ်အတွင်း အာကာသသို့ လွှတ်တင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံက ယခင် လွှတ်တင်ထားသည့် ဂြိုဟ်တုများနှင့် ချိတ်ဆက်ကာ ဂြိုဟ်တုကွန်ရက်တည်ဆောက်ပြီး သတင်းအချက်အလက်များကို ပြည့်စုံထိရောက်စွာ ရယူနိုင်ရေးအတွက်ဖြစ်ကြောင်း တရုတ်အရာရှိများက ဧပြီ ၉ ရက်၌ ပြောကြားသည်။

ဘိုင်ဒူ သို့မဟုတ် ကွန်ပတ်ဟု အမည်ပေးထားသော ယင်းဂြိုဟ်တုကို လောင်းမတ်ချ်-၃အေဒုံးပျံဖြင့် သယ်ဆောင်သွားမည်ဖြစ်ပြီး စီချွမ်ပြည်နယ် စီးချန်းဂြိုဟ်တု လွှတ်တင်ရေးစခန်းက လွှတ်တင်သွားမည် ဖြစ်သည်။ **(ဓါတ်ပုံ)**

အသုံးပြုနိုင်

ယခုအခြေအနေတွင် ဂြိုဟ်တုနှင့်ဒုံးပျံတို့၏ အနေအထားမှာ ကောင်းမွန်လျက်ရှိပြီး လွှတ်တင်ရန်အသင့်ရှိနေသည်။ ယင်းဂြိုဟ်တုကို လွှတ်တင်ခြင်းအားဖြင့် ၂၀၁၂ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသအတွင်း သတင်းဓာတ်ပုံများကို လျင်မြန်စွာ ရရှိအသုံးပြုနိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ဂြိုဟ်တု ကွန်ရက်နှင့် ၂၀၂၀ ပြည့်နှစ်၌ အပြည့်အဝပူးပေါင်း ဆက်သွယ်နိုင်မည်ဖြစ်သည်။

(အင်တာနက်)

တရားမဝင် သယ်ဆောင်လာသော ကျေးငှက်များ စင်ကာပူစစ်ဆေးရေးဂိတ်၌ သိမ်းဆည်းမိ

စင်ကာပူ ဧပြီ ၁၀

စင်ကာပူနိုင်ငံ ဝုဒ်လန်းအရပ်ရှိ စစ်ဆေးရေးစခန်းတစ်ခုတွင် မော်တော်ယာဉ်တစ်စီး၏ ကိုယ်ထည်အောက်ပိုင်း၌ သိုဝှက်ယူဆောင်လာသော အိမ်မွေးကျေးငှက်အကောင် ၂၄၀ ကို ဧပြီ ၉ ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း စင်ကာပူ အရာရှိများက ဧပြီ ၁၀ ရက်၌ ပြောကြားသည်။

တွေ့ရှိခဲ့

လူဝင်မှုကြီးကြပ်ရေးအရာရှိများက စစ်ဆေးရေးစခန်း၌ အသက် ၄၂ နှစ်အရွယ်ရှိ စင်ကာပူအမျိုးသားတစ်ဦးအား စစ်ဆေးနေစဉ် ၎င်းမောင်းနှင်လာသော မော်တော်ယာဉ်ကိုယ်ထည်အောက်ပိုင်း၌ လျှို့ဝှက်စွာထည့်ထားသည့် သေတ္တာများတွင် ကျေးငှက်များသယ်ဆောင်လာသည်ကို တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

ယာဉ်မောင်းအမျိုးသား၏ စိုးရိမ်ပူပန်နေမှုနှင့် ဂနာမငြိမ်သော မျက်လုံးများကို လူဝင်မှုကြီးကြပ်ရေး အရာရှိများက သတိပြုမိပြီး မော်တော်ယာဉ်ကို စစ်ဆေးခဲ့ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အရေးယူခံရမည်

ယာဉ်မောင်းထိုင်ခုံနှင့် ခရီးသည်ထိုင်ခုံများ၏အောက်တွင် သေတ္တာများဖြင့် တရားမဝင်သယ်ဆောင်လာသော ကျေးငှက်များကို ၎င်းအမျိုးသားက မလေးရှားနိုင်ငံ ဂျိုဟော်မြို့ ကျေးငှက်အရောင်းဆိုင်တစ်ဆိုင်မှ ဝယ်ယူလာခြင်းဖြစ်ပြီး တိရစ္ဆာန်နှင့် ကျေးငှက်များ ကာကွယ်ရေးဥပဒေအရ အရေးယူမှုခံရမည် ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဂရိ ရေနံတင်သင်္ဘော ဆိုမာလီပင်လယ်ဓားပြများ ပြန်လွှတ်ပေး

မိုဂါဒစ်ရှူး ဧပြီ ၁၀

အိန္ဒိယသမုဒ္ဒရာအတွင်း အိုမန်ကမ်းလွန်မှ လွန်ခဲ့သည့် နှစ်လက ပြန်ပေးဆွဲ အပိုင်စီးသွားသော ဂရိနိုင်ငံပိုင် ရေနံတင်သင်္ဘောကို ဆိုမာလီ ပင်လယ်ဓားပြများက ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ပရက်စ်တီဗွီ သတင်းဌာနက ဧပြီ ၁၀ ရက်၌ ဖော်ပြသည်။

ပြန်လွှတ်ပေး

ဆိုမာလီပင်လယ်ဓားပြများက ဒေါ်လာ ၁၄ သန်း ရရှိပြီးနောက် ဂရိနိုင်ငံပိုင် ရေနံတင်သင်္ဘောကို ဧပြီ ၉ ရက် နံနက်ပိုင်းက ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ပြန်ပေးဆွဲ

ဂရိရေနံတင်သင်္ဘောကို အိုမန်ကမ်းခြေမှ ရေမိုင် ၂၀၀ ခန့်အကွာ၌ ပင်လယ်ဓားပြများက ဖေဖော်ဝါရီ ၉ ရက်တွင် အပိုင်စီး ပြန်ပေးဆွဲခဲ့ခြင်း ဖြစ်သည်။

လိုက်ပါ

ရေနံတင် သင်္ဘောပေါ်တွင် ဖိလစ်ပိုင်သင်္ဘောသား ၁၇ ဦး၊ ဂရိသင်္ဘောသား ခုနစ်ဦးနှင့် ဂျော်ဂျီယာသင်္ဘောသားတစ်ဦး လိုက်ပါသွားခဲ့သည်။ ဆိုမာလီပင်လယ်ဓားပြများသည် ယခုအခါ အာဖရိကအရှေ့ဘက် ကမ်းလွန်ရေပြင်၌ ပြန်ပေးဆွဲမှုများ ပြုလုပ်လာလျက်ရှိသည်။

(အင်တာနက်)

မြောက်အိုင်ယာလန်၌ ဗုံးတစ်လုံးတွေ့ရှိ

လန်ဒန် ဧပြီ ၁၀

မြောက်အိုင်ယာလန်ရှိ အဝေးပြေးကားလမ်းမပေါ်တွင် ဧပြီ ၉ ရက်က အင်အားပြင်းထန်သော ဗုံးတစ်လုံးကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း မြောက်အိုင်ယာလန်အရာရှိများက ဧပြီ ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းဗုံးကို အိုင်ယာလန်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော နယူးရီမြို့အနီး ဘီလ်ဖက်စ်နှင့် ဒပ်ဘလင်ကို ဆက်စပ်ထားသည့် **(အပေါ်ယာပုံ)** အဝေးပြေး လမ်းမပေါ်မှ ဆလွန်းကားတစ်စီးပေါ်၌ တွေ့ရှိရခြင်းဖြစ်သည်။ ယင်းဗုံးမှာ ၂၂၅ ကီလို ဂရမ်ရှိကြောင်း သိရသည်။

မြောက်အိုင်ယာလန် စစ်ဘက် ဗုံးကျွမ်းကျင်သူများက ယင်းဗုံးကို တစ်စစီဖြုတ်သိမ်းခဲ့သည်။ ယင်းဗုံးမှာ လက်လုပ်ဗုံး အမျိုးအစားလည်းဖြစ်သည်။ ဗုံးခွဲတိုက်ခိုက်နိုင်သည်ဟူသော သတင်းကြောင့် မြောက်အိုင်ယာလန် တစ်ဝန်းလုံးခြုံရေး တိုးမြှင့်ချထားလိုက်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း **နောက်ဆုံးရနိုင်ငံတကာသတင်း**

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

ဖိလစ်ပိုင်ရှိ တာအယ်မီးတောင်လှုပ်ရှားလာ သတိပေးချက်များ ထုတ်ပြန်ထား

မနီလာ ဧပြီ ၁၀

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တောင်ဘက် မိုင် ၄၀ ခန့်အကွာရှိ တာအယ်မီးတောင်မှာ ဧပြီ ၉ ရက်က လှုပ်ရှားလာပြီး ပြာမှုန်များထွက်ရှိနေသဖြင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ယင်းမီးတောင်အနီးဝန်းကျင်တွင် နေထိုင်သူများနှင့် သွားလာနေကြသည့် ကမ္ဘာလှည့်ခရီးသွားများအား ဘေးကင်းရာသို့ ရှောင်တိမ်းနေထိုင်ကြရန်လည်း တာဝန်ရှိသူများက သတိပေးထားသည်။ ယခု ထုတ်ပြန်ထားသည့် သတိပေးချက်မှာ အဆင့်-၂ ဖြစ်ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

တာအယ်မီးတောင်မှာ ပြီးခဲ့သည့် ဇွန်လက တစ်ကြိမ်လှုပ်ရှားခဲ့သော်လည်း ပေါက်ကွဲမှုမရှိခဲ့ချေ။ ဖိလစ်ပိုင်နိုင်ငံတွင် မီးတောင်ရှင် ၃၃ လုံးရှိသည့်အနက် ယင်းမှာ မကြာခဏလှုပ်လေ့ရှိသော မီးတောင်ဖြစ်သည်။

(အင်တာနက်)

နယ်သာလန်၌ ရှော့ပင်းမောတွင် ပစ်ခတ်မှုဖြစ်ပွား

ခုနစ်ဦးသေဆုံး၊ ၁၅ ဦး ဒဏ်ရာရရှိ

အမ်စတာဒမ် ဧပြီ ၁၀

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ အနောက်တောင်ပိုင်း ကီလိုမီတာ ၃၀ခန့်အကွာရှိ မြို့တစ်မြို့တွင် ဧပြီ ၉ ရက်က ရှော့ပင်းမောတစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ သေနတ်သမားအပါအဝင် ခုနစ်ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမ်စတာဒမ်ရဲတပ်ဖွဲ့က ဧပြီ ၁၀ ရက်၌ ပြောကြားသည်။

*အခင်းဖြစ်ပွားမှုမှာ အယ်ဖန်အင်းဒန်ရီဂျန်မြို့ရှိ ရှော့ပင်းမောရှေ့သို့ အနက်ရောင် မာစီဒီးကားတစ်စီးဖြင့် ရောက်ရှိလာသော အမျိုးသားတစ်ဦးသည် ရှော့ပင်းမောအတွင်း ပြေးဝင်ကာ အသင့်ပါရှိလာသည့် သေနတ်ဖြင့် ဈေးရောင်းဈေးဝယ်သူများအား ပစ်ခတ်ခဲ့သဖြင့် ငါးဦးပွဲချင်းပြီး သေဆုံးကာ ၁၅ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)***

*သေနတ်သမားက ထိုသို့ပစ်ခတ်ပြီးနောက် ကိုယ်တိုင်လည်း သေနတ်ဖြင့် မိမိကိုယ်မိမိ သတ်သေခဲ့သည်။ ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ခဲ့ရာ တစ်ဦးမှာ ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ ထိုသို့ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ၎င်းမြို့ရှိ အခြားစတိုးဆိုင်ကြီးများလည်း ပိတ်ထားလိုက်ရကြောင်း သိရသည်။ ရဲတပ်ဖွဲ့က ပစ်ခတ်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)***

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်၌ လေယာဉ်ပျက်ကျ၊ လေးဦးဒဏ်ရာရ

လော့စ်အိန်ဂျလိစ် ဧပြီ ၁၀

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီး ဗန်တုရာ စီရင်စုရှိ ကာမာရီလိုအရပ်တွင် ဧပြီ ၉ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်က လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသူလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အရာရှိများက ဧပြီ ၁၀ ရက်၌ ပြောကြားသည်။

ပျက်ကျခဲ့

ယင်းလေယာဉ်သည် အင်ဂျင်တစ်လုံးတပ်ဖြစ်ပြီး ချီနိုလေဆိပ်မှ ကာမာရီလို လေဆိပ်သို့ ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ပျက်ကျပြီးနောက် လေယာဉ်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

လေယာဉ်ပေါ်တွင် လေးဦးလိုက်ပါစီးနင်းလာခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူအားလုံးကို ဆေးရုံသို့ တင်ပို့ပေးထားသည်။ လေယာဉ်ပျက်ကျမှု မည်သို့ဖြစ်ပွားရသည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ *(အောက်ပုံ) (အင်တာနက်)*

ပါရဂူ (သို့မဟုတ်) မြန်မာစာပေလောက၏ ထင်ရှားသော ကြယ်တစ်ပွင့် ကြွေလွင့်

ရန်ကုန် ဧပြီ ၁၀

၁၉၆၃ခုနှစ်တွင် ညီတော်မင်းနန် စာအုပ်ဖြင့် အနုပညာစာပေဆု(ဘာသာပြန်-ပထမ)၊၁၉၈၆ခုနှစ်တွင် ဂေါ်ရီစာအုပ်ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်-ရသ)၊ ၁၉၆၇ခုနှစ်တွင် မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း၏ စာပေရွှေတံဆိပ်ဆု၊ ၂၀၀၂ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုနှင့် ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာစာပေဆုများအား ချီးမြှင့်ခြင်းခံခဲ့ရပြီး စာပေနယ်တွင်သာမက ဘာသာရေးနယ်ပယ်တွင်ပါ ထင်ရှားကျော်ကြားသူ စာပေပညာရှင် စာရေးဆရာကြီး ဦးလှကြိုင်(ပါရဂူ)၊ အသက် ၉၀ သည် ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အာရှတော်ဝင် အထူးကုဆေးခန်း၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည်။

ပညာသင်ကြားခဲ့

ဆရာကြီးကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် သန္တသနော့ကျေးရွာတွင် အဖ ဦးဘစော၊ အမိ ဒေါ်မေတုတ်တို့မှ ၁၂၈၃ခု တန်ဆောင်မုန်းလဆန်း ၁၂ရက်(ကြာသပတေးနေ့) ၁၀-၁၁-၁၉၂၁ရက်နေ့တွင် မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးလှကြိုင် ဖြစ်သည်။ သန္တသနော့ကျေးရွာ မူလတန်းကျောင်း၌ စတုတ္ထတန်းအထိ ပညာသင်ယူခဲ့ပြီး ၁၁နှစ်အရွယ်တွင် ရှင်သာမဏေဝတ်ကာ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများ အောင်မြင်ခဲ့သည်။ ၁၉၄၁ခုနှစ်၌ အစိုးရစာချတန်း(ဂုဏ်ထူးတန်း)အောင်မြင်ခဲ့ပြီး အသက် ၂၀ အရွယ်တွင် ရဟန်းခံခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီ၊ ဟိန္ဒီတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကာ ၁၉၅၄ ခုနှစ်၌ လူဝတ်လဲခဲ့သည်။

ဆရာကြီး ပါရဂူသည် မြန်မာနိုင်ငံ၊ အိန္ဒိယသံရုံး၊ ပြန်ကြားရေးဌာန၌ ဘာသာပြန်အရာရှိ၊ မြန်မာနိုင်ငံတက္ကသိုလ်နှင့် ကောလိပ်များ၏ အရှေ့တိုင်းပညာသင်ကြားရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုဗဟိုအဖွဲ့အမှုဆောင်၊ သီယိုဆိုဖီအသင်း နာယက၊ မြန်-စာ-ပြန့် ဒုတိယဥက္ကဋ္ဌ၊ မြန်မာပြည် တဂိုးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်းဥက္ကဋ္ဌနှင့် စာရေးဆရာ အဖွဲ့အစည်းများတွင် တာဝန် အသီးသီးထမ်းဆောင်ခဲ့သည်။ ၁၉၃၉ ခုနှစ်မှစတင်၍ စာရေးခဲ့ပြီး ပင်ကိုရေးနှင့် ဘာသာပြန်ဆိုကျမ်းစာဝတ္ထုပေါင်း ၈၀ ခန့်ရှိကာ ဗုဒ္ဓစကား၊ ဓမ္မစကား၊ ဗုဒ္ဓဒိုင်ယာရီ၊ နိဗ္ဗာန်၊ ညီတော်မင်းနန်၊ သားတော်ရာဟုလာ၊ သိဒ္ဓတ္ထ၊ စိတ္တရလေခါ၊ အမ္ဗပါလီ၊ ပီယဒဿီ၊ ပရကထာ၊ ဘဝခရီးသည်၊ တမွပဏ္ဏိ၊ ပုဂံခရီးသည်နှင့် ယယာတိ စာအုပ်တို့မှာ ထင်ရှားသည်။

မြောက်မြားစွာပါဝင်

ဆရာကြီးသည် စာပေပရိသတ်အတွက် ကိုယ်တိုင်စာရေး အသိပညာပေးခြင်းဖြင့်သာ အားမရဘဲ စာဖတ်သည့်အလေ့အထ၊ အမူအကျင့်များ ပွားများလာစေရန်အတွက် ပါရဂူ ရှန်တိနိကေတန် စာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကံမြို့သစ် (၁၆)ရပ်ကွက် ဦးပုညလမ်း အမှတ်(၉၈၁/၉၉၀) နေအိမ်ဝင်းအတွင်း၌ပင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၄ရက်မှစ၍ တည်ထောင်ဖွင့်လှစ်ပေးခဲ့သူ ဖြစ်သည်။ ယင်းစာကြည့်တိုက်တွင် ဘာသာစုံစာအုပ်၊ စာစောင်ပေါင်း ငါးသောင်းကျော်ရှိပြီး ဘာသာရေးနယ်ပယ်နှင့် စာပေနယ်ပယ်တို့အတွက် အဖိုးမဖြတ်နိုင်သော စာအုပ်ပေါင်း မြောက်မြားစွာလည်းပါဝင်ကြောင်း သိရှိရသည်။

ဆရာကြီး ဦးလှကြိုင်(ပါရဂူ) ကွယ်လွန်သွားခြင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၀ ရက် နံနက် ၉ နာရီတွင် ရွှေပေါက်ကံမြို့သစ်ရှိ စာပေပညာရှင် စာရေးဆရာကြီး ဦးလှကြိုင်(ပါရဂူ)၏ နေအိမ်သို့ သွားရောက်၍ ဝမ်းနည်းမှတ်တမ်း၌ လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအလုပ်အမှုဆောင်များ၊ ပါရဂူ ရှန်တိနိကေတန်စာကြည့်တိုက် ကော်မတီဝင်များ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံကာ နာရေးအတွက် လိုအပ်သည်များအား ကူညီပံ့ပိုးခြင်း၊ စာကြည့်တိုက် ဆက်လက်အဓွန့်ရှည်တည်တံ့နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး သူရဦးမြင့်မောင် သုံးခွ သာသနာ့ဗိမာန်တော် တည်ဆောက်မှု ကြည့်ရှု

ရန်ကုန် ဧပြီ ၁၀

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်သည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပီလခတ်ကျေးရွာရှိ စရီအန်ဂါလဲပရဲမေစ်ဝရီ - စရီမဟာမူနီ(စ်)ဝရ်ဟိန္ဒူဘုရားကျောင်း သိဒ္ဓိတင်ရေစင်သွန်းလောင်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သုံးခွမြို့ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မီးဖိုမီးကြွင်းမီးကျန် သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည် ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကို ပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

(ဂ) မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



လှည်းကူးမြို့နယ် ဒါးပိန်ကျေးလက်ဈေးသန့်ရှင်းရေး ဆောင်ရွက်ထားမှုကို မတ် ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့နယ် ဆင်ဖြူကျွန်းဈေးအတွင်းရှိ အမြင့်တင်ရေစင်တည်ဆောက်ထားရှိမှုကို မတ် ၂၅ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ဆောင်ရွက်နေသော အင်ကြင်းကုန်း-ညောင်ကုန်းကျေးရွာချင်းဆက်လမ်းသဲကျောက်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၅ ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုလ် စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရှာင်မြို့နယ် ဆင်ဆာပြား-နောင်ပိုးကျေးလက်လမ်း ကျောက်ချောခင်းနေမှုကို မတ် ၃ ရက်က အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းသီဟထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့အထွက်တွင် ဆိုင်းဘုတ်အသစ်တည်ဆောက်ပြုလုပ်ခြင်းနှင့် မြေယာရှင်းပြုလုပ်ခြင်းကို မတ် ၉ ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **အကြွေး** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ကောသလ္လ)
၆:၃၅ မေတ္တာတရားနဲ့ အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇၀)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂၈)
၈:၄၅ April Music Show (Part-9)
၉:၂၅ ခါသင်္ကြန်အဆိုအကများ
၉:၄၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သင်္ကြန်အတွင်းဖြစ်ပွားတတ်သော အရေပြားရောဂါများအကြောင်း)
၁၀:၀၅ မြိုင်ပရဟိတကျောင်းတိုက်၏ သီလရှင်အပါး (၅၀၀)ဝတ်ပွဲ
၁၁:၁၅ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၂/၂၀၁၁)
၁၀:၃၀ The champion of Dance (မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကပြိုင်ပွဲ)
၁၁:၁၀ Celebrity Choice **(မိုးအောင်ရင်)**
၁၁:၄၀ MRTV- 4 ကာတွန်းအစီအစဉ်
၁၂:၀၅ Vox Pop (သင်္ကြန်စိတ်ကူး)
၁၂:၁၅ စားချင်စဖွယ်နည်းအသွယ်သွယ် (မုန်လာဥနီသုပ်နှင့် ဝက်သားစဉ်းကောချက်)
၁၂:၄၅ မြတ်နိဗ္ဗာန်သို့ ရော်ရည်မှန်း မင်းလှမြို့ရဲ့စုပေါင်းဒါနပန်း
၁:၀၀ **အကြွေး** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ကောသလ္လ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ ဂီတသရုပ်ပြခန်း (April Queen-4)
၂:၄၅ ခါသင်္ကြန်အဆိုအကများ
၃:၁၀ Activities in the City (ကမ္ဘာ့ကျောက်ကပ်နေ့ အထိမ်းအမှတ်အခမ်းအနား
၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇၀)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂၈)
၄:၅၅ လှော်ကထားပြည်သူ့ဆေးရုံဖွင့်ပွဲ (လေးမျက်နှာမြို့နယ်၊ လှော်ကထားကျေးရွာ)
၅:၁၀ ခါသင်္ကြန်အဆိုအကများ
၅:၂၀ ဗီဒီယိုပြခန်း
၅:၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ အနုပညာမိုးကောင်းကင်
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇၁)
၇:၂၅ April Music Show (Part-10)
၈:၀၀ MRTV-4 သတင်း
၈:၃၀ MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
၈:၄၅ **စကားနပန်း** (ထူးခြားတာကောင်းတယ်၊ မထူးခြားတာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂၉)
၁၀:၀၅ Sunday Talk [ဦးရဲမြင့် (Solar Hut)၊ မျိုးမြတ်သူ]
၁၀:၅၀ ကောင်းဂုဏ်ပုံ့သင်း ပုညမဏ္ဍရီ စာတော်ပြန်အသင်း
၁၁:၀၅ International Show Biz
၁၁:၂၀ Core Lens လက်စွပ်ကို ဝတ်ဆင်လေသောအခါ
၁၁:၃၀ La Mode ရဲ့ သင်္ကြန်ဖက်ရှင်
၁၁:၅၅ ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ မြင့်မြင့်သန်း)
၁၂:၁၅ Box Office Movies (Star Trek)
၁၂:၄၀ **အလှော်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၂:၅၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဘိုဘိုနှင့် တွေ့ဆုံခြင်း)
၁:၁၀ **ရွှေဖြူဟုခေါ်သည်** (အပိုင်း-၁)
၁:၃၀ လှပချစ်စရာ လက်မှုအနုပညာ (Candy Brown)
၂:၀၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
၂:၂၀ မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း (အရောင်းပြခန်း)
၂:၄၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Lucky Prize Floral Service)
၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃:၅၅ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၄:၁၀ မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ
၄:၃၀ မြတ်နိဗ္ဗူသို့မျှော်ရည်မှန်း အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် တရားစခန်း
၄:၄၀ ချမ်းမြေ့စေတာ ချမ်းမြေ့မှာ ထာဝရရိပ်သာ
၅:၀၀ အစီအစဉ်ပြီး၏။

MRTV- 4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Liverpool - Man City	STAR SPORT (Live)

နေပြည်တော်ဘူတာကြီး သန့်ရှင်းသာယာလှပရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၁၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် ဧပြီ ၇ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးသန့်ရှင်းတို့နှင့်အတူ နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိပြီး ဘူတာကြီးနှင့် ဘူတာယာဒ်ဝင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ **(ယာပုံ)** သင်္ကြန်အထူးရထားပြေးဆွဲမှုအခြေအနေနှင့် သင်္ကြန်မတိုင်မီ မိမိနေရပ်ဒေသသို့ ပြန်လည်သွားရောက်ကြမည့် ခရီးသွားပြည်သူများ ရထားလက်မှတ်အလွယ်တကူ ဝယ်ယူရရှိမှု ရှိ/မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ခရီးသွားပြည်သူများအား တွေ့ဆုံမေးမြန်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

တာချီလိတ်ခရိုင် တာလေမြို့ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် သန်လျင်မြို့နေ ဦးမြင့်ဦး (မြတ်ရတနာအိမ်ရာစီမံကိန်း)က အလှူငွေကျပ်ငါးသိန်းကို ဧပြီ ၁ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။

(၁၈၄)

ကြီးကြပ်ဆောင်ရွက်

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မတ် ၂၅ရက်က မြို့မဈေးရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြောင်းအတွင်း အမှိုက်များဆယ်ယူနေမှုကို ဒုတိယ ဦးစီးမှူး (ဈေး) ဦးမျိုးထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၁-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၂၀	၅။	ဓမ္မပူဇာတေး
၇:၂၅	၆။	မျိုးချစ်တပ်မတော်
၇:၃၀	၇။	မြန်မာ့ရှုခင်း
၇:၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	ခါသင်္ကြန်အဆို အကများ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	မျိုးချစ်တပ်မတော်
၄:၁၅	၆။	စိုက်ပျိုးသုတ
၄:၃၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၈။	ဗွီစီဒီကျော်ကြားတေး
၄:၅၅	၉။	မီးသတိပေးနှိုးဆော်ချက်
၅:၁၀	၁၀။	ခါသင်္ကြန်အဆိုအကများ
၅:၃၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်**(အပိုင်း-၃၁)
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၄။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း -၂၈)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	Talk Of The Town
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ**(အပိုင်း-၃)
	၂၅။	**Miniseries**

ရမည်းသင်းတွင် ဆီးသီးလှိုင်လှိုင်ထွက် တောင်သူများ ဈေးကောင်းရ

နေပြည်တော် ဧပြီ ၁၀

သတင်းဆောင်းပါးနှင့် ဓာတ်ပုံသတင်းထောက်-ညွှန့်ရွှေ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသများရှိ ယာခင်း၊ လယ်ကွင်းများတွင်

"ယခုနှစ် မိုးကောင်းတာမို့ ဆီးသီးအထွက် ကောင်းသလို ဈေးနှုန်းလည်း ယခင်နှစ်ကထက် ပိုမိုရရှိလို့ ဝမ်းသာပီတိ ဖြစ်ရပါတယ်"

ဦးငွေမောင်
တောင်သူ(ဝါးရုံတောရွာ)

အလေ့ကျပေါက်ဆီးပင်များနှင့် စိုက်ပျိုးထားကြသောဆီးပင်များမှာပြီးခဲ့သည့်နှစ်က မိုးကောင်းခဲ့သဖြင့် ဆီးသီးအထွက်နှုန်းကောင်းမွန်ကာ ဆီးသီးဈေးကွက်လည်း ကောင်းခဲ့သည်။ မြို့ပေါ်ရှိဆီးသီးပွဲရုံများနှင့် ဆီးသီးခွဲစက်ရုံများတွင် ဆီးသီး လာရောက်ရောင်းချသူများဖြင့် စည်ကားလျက်ရှိသည်။

မေးမြန်း

သို့ဖြစ်၍ ဆီးသီးစိုက်တောင်သူများ ငွေကြေးကုန်ကျမှု သက်သာစွာဖြင့် အပိုဝင်ငွေ ရရှိနေခြင်းနှင့်စပ်လျဉ်း၍ သိရှိရန်အတွက် ရမည်းသင်းမြို့ ဝါတိုးဈေးကုန်းရပ် ရာဇာဖြိုး ဆီးပွဲရုံနှင့် ဆီးခွဲစက်ရုံသို့ စာရေးသူ သွားရောက်ပြီး သိလိုသမျှ မေးမြန်းခဲ့သည်။

ဖြိုင်ဖြိုင်ထွက်

ဆီးသီးကင်းများသည် တန်ဆောင်မုန်းလတွင် စတင်သီးပြီး ပြာသို၊ တပို့တွဲလများတွင် ဖြိုင်ဖြိုင်ထွက်ရှိကြောင်း၊ ဆီးသီးတွင် အသားထူအသီးနှင့် အသားပါး အသီးဟူ၍ နှစ်မျိုးရှိကြောင်း၊ အသားပါးအသီးကို ခြောက်သွေ့ရန် ငါးရက်ခန့် နေလှန်းရသလို အသားထူအသီးကို ၁၀ ရက်ခန့် ခြောက်သွေ့အောင် နေလှန်းရကြောင်း ဆီးတောင်သူတစ်ဦးက ပြောပြ၍ သိခဲ့ရသည်။

အပိုဝင်ငွေရ

အသားထူအစိုသီးကို ရောင်းရာတွင် တစ်တင်း ငွေကျပ် ၂၂၀၀သာ ရရှိသော်လည်း အသားပါးအသီးကို တစ်တင်းလျှင် ငွေကျပ် ၂၆၀၀ ရရှိကြောင်း၊ ယခုနှစ် မိုးကောင်းသဖြင့် အပင်တိုင်း ပြွတ်သိပ်သီးခဲ့မှုကြောင့် ပေါ်ပေါ်ချင်း တစ်တင်းလျှင် ငွေကျပ် ၂၅၀၀၊ ၂၆၀၀ ရောင်းချရကြောင်း၊ ယခင်နှစ်ထက် ဈေးနှုန်းတစ်ဆ ပိုမိုရောင်းချခဲ့ရကြောင်း၊ သို့ဖြစ်၍ တောင်သူများ မိုးစပါး ရိတ်သိမ်းရောင်းချပြီးနောက် ဆီးသီးများရောင်းချရသဖြင့် အပိုဝင်ငွေရရှိကြောင်း သိရှိခဲ့ရသည်။

ဆီးသီးပွဲရုံမှ ဈေးကွက်သို့ တင်ပို့မည့် ဆီးသီးခြောက်များကို ဤသို့ တွေ့ရသည်။

တိုးဖွင့်ဝယ်ယူ

ဆီးသီးအထွက်နှုန်း ကောင်း၍ ယခုနှစ်တွင် ရမည်းသင်း၌ ဆီးသီးပွဲရုံ ၁၇ရုံအထိ တိုးဖွင့်ဝယ်ယူလျက်ရှိပြီး ဆီးသီးကုန်သည်များကလည်း ဆီးသီးအထွက်ကောင်းသည့် ကျေးရွာများသို့ သွားရောက်ပြီး တင်းကြီးများဖြင့် ဝယ်ယူလျက်ရှိကြောင်း၊ ဆီးသီးအခြောက်တစ်တင်း ခွဲစိတ်ပါက ဆီးဆန် ၂၀ ကျပ်သား၊ ၂၅ ကျပ်သား ခန့်ရကြောင်း၊ ဆီးဆန်များကို လားရှိုး၊ မူဆယ်၊ တရုတ်ပြည်နှင့် ဆီးသီးအခြောက်များကို မန္တလေး၊ ရန်ကုန်

မြို့များသို့ တစ်နေ့ ကားလေးငါးစီးခန့် တင်ပို့ပေးရကြောင်းသိရသည်။

အထွက်နှုန်းကောင်း

ဆီးမှုန့်များကိုမူ အအေးဆိုင်များက ဝယ်ယူကြသည်။ မတ်လကုန် တစ်ရက်တွင် ဆီးသီး ၃၅တင်း လာရောင်းသူ ဝါးရုံတောရွာက ဦးငွေမောင်အားတွေ့သဖြင့် မေးမြန်းကြည့်ရာ "ဒီနှစ်ဆီးပင်တွေက သီးလိုက်တာ အလွန်ပဲ၊ ယခုနှစ် မိုးကောင်းတာမို့ ဆီးသီးအထွက်ကောင်းသလို ဈေးနှုန်းလည်း ယခင်နှစ်ကထက် ပိုမိုရရှိလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ အရင်က ဆီးသီးရောင်းရငွေ များများစားစားမရခဲ့ဖူးဘူး" ဟု ပြောကြားခဲ့သည်ကို တောင်သူများအတွက် ဝမ်းမြောက်ဖွယ်စကားအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အိတ်များဖြင့် ထည့်သွင်း

ဆီးသီးပွဲရုံမှ ဝယ်ယူပြီးဆီးသီးခြောက်များကို ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့နိုင်ရန် ချိန်တွယ်ပြီး အိတ်များဖြင့် ထည့်သွင်းနေသည်ကို ဤသို့ တွေ့မြင်ခဲ့ရသည်။

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုး ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံမဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တာဝါတိုင် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် စပါးရိတ်သိမ်းခြွေလှေ့ပွဲ တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်သည် ဧပြီ ၈ ရက် နံနက်ပိုင်းက မအူပင်ခရိုင် ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာအုပ်စု ရှိ နွေစပါးစိုက်ခင်း၌ ကျင်းပသည့် စပါးရိတ်သိမ်းခြွေလှေ့ပွဲသို့ တက်ရောက် ပြီး ညောင်တုန်းမြို့နယ် စပါးအထူးပြုကုမ္ပဏီဖြစ်သော စုပေါင်းလယ်ယာ ထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ လယ် ယာသုံး စက်ကိရိယာပစ္စည်းများ ရောင်းချပွဲကို ကြည့်ရှုအားပေးကာ သဇင် ရေကျော်ကျေးရွာအုပ်စု ကွင်းအမှတ်(၃၇၀/ဂ)ဦးအေးသောင်း၏ ဆင်းသုခစပါး မျိုး နွေစပါးဧက ၁၀၀ စိုက်ခင်း၌ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေမှု ကိုလည်းကောင်း၊ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်နေမှုကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (သတင်းစဉ်)**

လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း တာဝါတိုင်တည်ဆောက်ရေး အမှတ် (၂) လျှပ်စစ်စွမ်းအား ဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်မြို့ အလုံ မြို့နယ် ကမ်းနားလမ်းရှိ ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တာဝါတိုင် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးလှမြင့်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ်(၁) ဦးညိုဝင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးဦးနှင့် အလုံဓာတ်အားပေးစက်ရုံမှူး ဒုတိယအင်ဂျင်နီယာချုပ် ဒေါ်အိအိခင်တို့က သက်ဆိုင်ရာအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေကြီးမြေပုံနှင့် မြေစာရင်း မှန်ကန်ရေး လှည်းကူးမြို့နယ်၌ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ဒေသကြီးအတွင်း မြေကြီးမြေပုံမြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး ဆောင်ရွက်ရန် အတွက် ခရိုင်/မြို့နယ်မြေစာရင်း ဦးစီးမှူးများအား ဧပြီ ၆ ရက်တွင် လည်းကောင်း၊ လှည်းကူးမြို့နယ် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများအား ဧပြီ ၇ ရက်တွင် လည်းကောင်း ရန်ကုန်တိုင်း ဒေသကြီး မြေစာရင်း ဦးစီးဌာနမှူး ဦးကျင်ထွန်းက ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်း လင်းဆွေးနွေးခဲ့သည်။ (ဝဲပုံ) ၂၀၁၁ ခုနှစ် ဧပြီ ၈ ရက်မှ မေ ၃၀ ရက်အထိ လှည်းကူးမြို့နယ်တွင် မြေကြီးမြေပုံ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန် ရေးအတွက် တိုင်းဒေသကြီးအတွင်း ဝန်ထမ်းအင်အား ၆၅ဦးဖြင့် စုဖွဲ့၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။ **(မြေစာရင်းဦးစီး)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

ဧပြီ ၉ ရက်က မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းနှင့် အထူးကုဆရာဝန်ကြီးများ အဖွဲ့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြည်သူ့ဆေးရုံတွင် ဒဂုံမြို့သစ်မြောက်ပိုင်း နှင့်အရှေ့ပိုင်းမြို့နယ်ရှိ ပြည်သူများအား အခမဲ့ ဆေးကုသမှုပေးခြင်းနှင့်မိခင်၊ မွေးကင်းစနှင့်ကလေးသေနှုန်း လျော့နည်းကျဆင်းရေး၊ ကျန်းမာရေး ပညာပေး ဟောပြောခြင်းကို ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ (မြို့နယ်ကျန်းမာရေး)

ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာ လှပရေးအတွက် ပန်းအလှပင်များပုံသွင်းခြင်းဆောင်ရွက်နေမှုကို မတ် ၂ ရက်က မြို့နယ်တာဝန်ခံ ဦးစိုးဝဏ္ဏဝင်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အင်္ဂါဂြိုဟ်ပေါ်မှ ထူးခြားသော ပုံရိပ်များ

မောင်မောင်မြင့်ဆွေ ရေးသားသည်

ဥရောပအာကာသအေဂျင်စီ၏ အင်္ဂါဂြိုဟ်လေ့လာရေးစေလွှတ်ထားသည့် အိတ်စပရက်စ်အာကာသယာဉ်မှ ပေးပို့လိုက်သည့်ပုံများကို လေ့လာချက်အရ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ထူးခြားပုံရိပ်များ တွေ့ရှိရသည်ဟု အာကာသသုတေသနပညာရှင်များက သတင်းထုတ်ပြန်လိုက်ပြီဖြစ်သည်။

အင်္ဂါဂြိုဟ်၏ မျက်နှာပြင်တောင်ဘက်စွန်းစွန်းအခြမ်းတွင် မီးတောင်ထိပ်ဝသဏ္ဌာန်ကဲ့သို့ နေရာတစ်ခုတွေ့ရှိရပြီး ၎င်းနေရာသည် ရှည်မျောမျောပုံစံဖြစ်ကြောင်း၊ ထို့အပြင် ကျည်ဆန်ရထား ဦးခေါင်းပိုင်း၏ ပုံသဏ္ဌာန်ကဲ့သို့ ဖြစ်ပေါ်တည်ရှိနေသည်ဟု ဆို၏။ ***(ယာပုံ)***

ယင်းနေရာသည် အချင်းကီလိုမီတာ ၄၅၀ခန့် ကျယ်ဝန်းပြီး ရှည်မျော မျော ချိုင့်ဝှမ်းအသွင်ဖြစ်ပေါ်ကာ အင်္ဂါဂြိုဟ်၏ တောင်ဘက်ခြမ်း မျက်နှာပြင် အမြင့်ပိုင်းနေရာ၌ တည်ရှိနေကြောင်း၊ ၎င်းချိုင့်ဝှမ်း၏ အနီးဝန်းကျင်တွင် ချိုင့်ဝှမ်းငယ်လေးများစွာ ဖြစ်ပေါ်နေသည်ကိုလည်းတွေ့ရပြီး ယင်းတို့မှာ မီးတောင်ပေါက်ဝငယ်များဖြစ်ကြောင်း သိရသည်။

ဖော်ပြထား

ယခု ပုံတွင်တွေ့မြင်ရသည့် မီးတောင်ချိုင့်ဝှမ်းကဲ့သို့နေရာကို အင်္ဂါဂြိုဟ် မျက်နှာပြင်၏ လတ္တီကျူ ၂၁ ဒီဂရီနှင့် လောင်ဂျီကျူ ၅၅ ဒီဂရီ၌ တွေ့ရခြင်းဖြစ်သည်။ ယင်းနေရာအကျယ်အဝန်းမှာ ၇၀၄၉ စတုရန်းကီလိုမီတာခန့်ရှိကြောင်း၊ အချို့မီးတောင်ထိပ်ဝ ချိုင့်ဝှမ်းများမှာ အကျယ် ၁၀ ကီလိုမီတာနှင့် ၂၅ ကီလိုမီတာခန့်အထိရှိပြီး အနက်မှာ နှစ်ကီလိုမီတာအထိရှိကြောင်း ဖော်ပြထားသည်။ အရှည်ဆုံး ချိုင့်ဝှမ်းအနေအထားမှာ ၇၈ကီလိုမီတာရှိပြီး ၎င်းနေရာများကို အမည်မပေးရသေးဟု ဆိုသည်။

သုံးသပ်

ချိုင့်ဝှမ်းငယ်များမှာ တစ်ချိန်က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် မီးတောင်ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် သေးငယ်သော ချိုင့်ဝှမ်းနေရာများအဖြစ် ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ ထိုနေရာသည် ချော်ရည်ပူများ ပေါက်ထွက်ရာ နေရာများဖြစ်နိုင်ကြောင်း အာကာသပညာရှင်များက သုံးသပ်ထားသည်။

ထို့အတူ အင်္ဂါဂြိုဟ်၏ မြောက်ဘက်စွန်းစွန်း မျက်နှာပြင်တွင်လည်း မီးတောင်ထိပ်ဝချိုင့်ဝှမ်းကဲ့သို့ နေရာများတွေ့ရသည်။ သို့သော် တောင်ဘက်စွန်းရှိ ချိုင့်ဝှမ်းကဲ့သို့ ကြီးမားသော ချိုင့်ဝှမ်းအသွင်မျိုး မမြင်တွေ့ရဟုဆိုသည်။ အချို့နေရာများတွင် ပြင်ပမှ အစိုင်အခဲ တစ်စုံတစ်ရာ ကျရောက်ထားသည့် သဏ္ဌာန်မျိုးဖြစ်နေပြီး လိပ်ပြာတစ်ကောင်၏ တောင်ပံများအသွင်ကဲ့သို့လည်း မြင်တွေ့ရသည်။

ပိုမိုရှေးကျ

အင်္ဂါဂြိုဟ်မျက်နှာပြင် မြောက်ဘက်ခြမ်းရှိ ချိုင့်ဝှမ်းများသက်တမ်းမှာ တောင်ဘက်ခြမ်းရှိချိုင့်ဝှမ်းများသက်တမ်းထက် ပိုမိုရှေးကျကြောင်း သိရသည်။

ယင်းချိုင့်ဝှမ်းများ၏ ပုံရိပ်များသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက ဖြစ်ပေါ်ခဲ့သည့်ဖြစ်ရပ်များကို ဆက်စပ်လေ့လာနိုင်မည်ဖြစ်ကြောင်း ၎င်းတို့က သုံးသပ်ထားသည်။ ***(အင်တာနက်)***

ကြည့်ရှု

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရွှေနှင်းဆီ နှစ်ထပ်ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

သားဖွားဆောင်၊ အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသဆောင်၊ အစည်းအဝေး ခန်းမဆောင်နှင့် ဆရာဝန်များ နားနေခန်းတို့ပါဝင်ကြောင်း၊ အဆိုပါဆေးရုံကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့အား အမှူးထား၍ သားသမီး၊ မြေး၊ မိတ်ဆွေသင်္ဂဟများနှင့် မက်စ်မြန်မာ ကုမ္ပဏီလီမိတက်မိသားစုတို့က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှူဒါန်း

ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ရွှေနှင်းဆီနှစ်ထပ်ကျောင်းဆောင်သစ်သည် RC ကွန်ကရစ်နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး စာသင်ခန်း (၁၂)ခန်းပါရှိကာ ရွှေလက်ရာကုမ္ပဏီက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသစ်မှာ RC ကွန်ကရစ် အမျိုးအစားဖြစ်ကာ မြေဧက ၄ ဒသမ ၀၉ ဧကပေါ်တွင် တည်ဆောက်ထားပြီး ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးစတို၊ အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသဆောင်၊ ကလေးကုသဆောင်နှင့် သားဖွားခန်းတို့ ပါရှိကြောင်းသိရသည်။ အဆိုပါတိုက်နယ်ဆေးရုံသစ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့အား အမှူးထား၍ ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဆေးရုံအဆောက်အအုံသစ်များဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ယခုကဲ့သို့ ဆေးရုံအဆောက်အအုံသစ်များ၊ ကျောင်းဆောင်သစ်များ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်း၊ အဆောက်အအုံသစ်များ ဖြစ်ထွန်းပေါ်ပေါက်လာသည့်အတွက် ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်ဆောင်ရွက်

ဆေးရုံအဆောက်အအုံသစ်များဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်က အစိုးရသစ်လက်ထက်၌ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း ဆေးရုံသစ်များ တည်ဆောက်ပေးခြင်း၊ အထူးကုသဌာနများ တိုးချဲ့ဖွဲ့စည်းပေးခြင်း စသည့်လုပ်ငန်းများကို နိုင်ငံတော်၏ နှစ်အလိုက် ခွင့်ပြုဘဏ္ဍာငွေဖြင့် ပြည်နယ်၊ ပြည်မခွဲခြားဘဲ ဒေသအားလုံးရှိ ပြည်သူများ၏အကျိုးကို ရှေးရှုပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းကလည်း ပဲခူးတိုင်းဒေသကြီးအတွင်း၌ ယခုကဲ့သို့ဆေးရုံသစ်ကြီးများ ပေါ်ပေါက်လာသည့်အတွက် ဒေသရှိပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ယခင်ကထက် ပိုမိုခံယူနိုင်တော့မည် ဖြစ်ကြောင်း၊ ဤဒေသသည် တီဘီ၊ ငှက်ဖျားရောဂါများ အဖြစ်များသော်လည်း ယခုအခါ အချိန်တိုအတွင်း ရောဂါပပျောက်အောင် ကုသပေးနိုင်တော့မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင် ဆွေးနွေး ပြောကြားစဉ်။
(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ဆွေးနွေး ပြောကြားစဉ်။
(သတင်းစဉ်)

ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ

ဖြူးမြို့နယ် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

လုပ်ငန်းများရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်ရေး ဝန်ကြီး ဦးလှထွန်း ဝန်ထမ်းများအား မှာကြား

ရန်ကုန် ဧပြီ ၁၀

ဌာနဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းမှု ကောင်းမွန်စွာဖြင့် ရိုးဖြောင့်မှန်ကန်တာဝန်သိစွာ ဆောင်ရွက်နိုင်ရေး၊ ပြောင်းလဲ တိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အကျိုးရှိစွာ အသုံးချသွားနိုင်ရေးတို့ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ အစည်းအဝေးခန်းမ၌ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ အရာထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနား၌ အကျယ်တဝင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အတွင်း ဌာနအလိုက် လုပ်ငန်းလျာထားချက်များ၊ ရည်မှန်းချက်များနှင့် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ဝန်ကြီးသည် တိုးချဲ့တည်ဆောက်လျက်ရှိသည့် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့စက်မှုဆိပ်ကမ်း(Myanmar Industrial Port) ၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ စစ်ဆေးကြပ်မတ်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

အာဆင်နယ်တို့ အခံဝေးကွင်း၌နိုင်ပွဲရရှိ

➤ ➤ **မောင်ချစ်ကြည် - ရေးသားသည်** ➤ ➤

လန်ဒန် ဧပြီ ၁၀

ပရီမီယာလိဂ်ပွဲစဉ် (၃၂)ကို ဧပြီ ၁၀ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘလက်ပူးလ်နှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်က အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး သုံးမှတ်ရရှိကာ အောင်ပွဲခံနိုင်ခဲ့သည်။ ***(ယာပုံ)***

ပရီမီယာလိဂ်ဖလားကို မျှော်မှန်းနေသည့် အာဆင်နယ်တို့ တိုက်စစ်တွင် ဗန်ပါစီ၊ အာရှာဗင်၊ နာဆရီတို့ဖြင့် ပွဲထွက်ခဲ့ပြီး ဘလက်ပူးလ်အား ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့သည်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၈ မိနစ်၌ ဒီရာဘိုင်က သွင်းယူပေးခဲ့သည်။

နိုင်ပွဲရရှိ

အာဆင်နယ်တို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၂၁ မိနစ်၌ အီဘူးက တစ်ဂိုးသွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ ပထမပိုင်းပွဲချိန်၌ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၅၂ မိနစ်၌ ဘလက်ပူးလ်မှ ဖလက်ချာက ချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြစ်နေခဲ့သည်။ ပွဲချိန် ၇၆ မိနစ်၌ ဗန်ပါစီက တစ်ဂိုးသွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာနှင့် နယူးကာဆယ်တို့ပွဲတွင် အက်စ်တွန်ဗီလာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ***(အင်တာနက်)***

* *ကျောဖုံးမှ*

ဖွင့်လှစ်နိုင်ခဲ့

ရခိုင်ပြည်နယ်၏ အထင်ကရ လမ်းမကြီးဖြစ်လာမည့် မင်းဘူး-အမ်း-စစ်တွေရထားလမ်းတွင် ၁၁ ဒသမ ၄၆ မိုင်ရှိ ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းနှင့် ၂၂ ဒသမ ၇၂ မိုင်ရှိ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းတို့ကို ဖွင့်လှစ်ပြီးဖြစ်ကာ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းကို ယနေ့အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဖွင့်ပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းသည် ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးများကို ရထားဖြင့် ဆက်စပ်သွားလာနိုင်ရန် ဖောက်လုပ်နေသည့် ၂၅၇ မိုင်ရှိ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးအတွက် ရထားလမ်းများကို အပိုင်းလိုက် ဖောက်လုပ်ပေးပြီး ပြီးသည့်အပိုင်းကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ဖောက်လုပ်လျက်ရှိသည့် ရထားလမ်းစီမံကိန်း ၁၃ ခုရှိပြီး ရထားလမ်းခရီးမိုင် ၂၂၆၅ မိုင်ဖြစ်ကြောင်း၊ ယင်းတို့အနက် ရထားလမ်းခရီးမိုင် ၄၅၅ မိုင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်က မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်စပ်ပေးမည့် မင်းဘူး-အမ်း-စစ်တွေရထားလမ်းပြီးစီးပါက ရခိုင်ပြည်နယ်သည် အဘက်ဘက်က ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ဤရထားလမ်းပိုင်းသည် အမျိုးသားရထားလမ်းကွန်ရက် (National Railway Network) ၏ အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ခေါ်ဆိုရမည်ဖြစ်ကြောင်း၊ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းအပါအဝင် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများကို သားစဉ်မြေးဆက် အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများက ထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားတွင် ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ကျောက်တော်မြို့မှ ဦးကျော်ကျော်က ရခိုင်ပြည်နယ်ရှိ ဒေသများသည် သွားလာရေးခက်ခဲသည့် ဒေသများဖြစ်ကြောင်း၊ ယခု ရထားလမ်းပိုင်းအပါအဝင် ကားလမ်းများ၊ ရထားလမ်းများမှတစ်ဆင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်၍ နိုင်ငံတော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ပြေးဆွဲပေး

ယိုးတရုတ် - ကျောက်တော် ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ရထားများကို သုံးရက်တိတိ အခမဲ့ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

နိုင်ငံခြားသင်္ဘောကြီးများတန်ချိန် ၃၅၀၀၀ အထိ တိုးမြှင့်ဝင်ရောက်နိုင်အောင် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၁၀

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အနေဖြင့် နိုင်ငံခြားရေယာဉ်ကြီးများနှင့် ပြည်တွင်းခုတ်မောင်းသွားလာလျက်ရှိသည့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေး ဆောင်ရွက်သွားကြရန်၊ ကုန်တင်ကုန်ချလုပ်ငန်းများ သတ်မှတ်အချိန်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အချိန်မီ ပြီးစီးရေး ဆောင်ရွက်သွားကြရန် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းအောင်က ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ထီးတန်းဆိပ်ကမ်းမှ သမီးလှရေယာဉ်ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ပြုပြင်ဆောင်ရွက်

ထို့ပြင် လက်ရှိဝင်ရောက်လျက်ရှိသော နိုင်ငံခြားသင်္ဘောကြီးများအား တန်ချိန် ၁၅၀၀၀ မှ တန်ချိန် ၃၅၀၀၀ အထိ တိုးမြှင့်ဝင်ရောက်နိုင်ရေးအတွက် ရန်ကုန်မြစ်ကြောင်း ပြုပြင်ခြင်းများ ဆောင်ရွက်သွားကြရန်လည်း မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ထီးတန်းဆိပ်ကမ်းမှ ကြည့်မြင်တိုင် ငါးဈေးဆိပ်ကမ်း၊ မန်းမြန်မာဆိပ်ကမ်း၊ ဆူးလေဆိပ်ကမ်း၊ ဝါးတန်း၊ ကိုင်းတန်း၊ ဘုန်းကြီးလမ်း၊ စဉ့်အိုးတန်း၊ ပန်းဆိုးတန်း-နန်းသီတာဆိပ်ကမ်းတို့ကို သမီးလှရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နန်းသီတာဆိပ်ကမ်းမှ ဆူးလေဆိပ်ကမ်းသို့ သွားရောက်ကာ ဆူးလေဆိပ်ကမ်း၌ သင်္ဘောကြီးပေါ်သို့ သစ်လုံးများ တင်ဆောင်နေမှု၊ ကမ်းနားလမ်းတိုးချဲ့ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

တိုးမြှင့်ဆိုက်ကပ်ခဲ့

ရန်ကုန်ဆိပ်ကမ်း၌ ဒေသတွင်းနှင့် အထက်မြန်မာပြည်၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများမှ စက်လှေကြီးများ၊ လှေ၊ သင်္ဘောကြီးငယ်များ ဆိုက်ကပ်နိုင်သော တံတားကြီးငယ် ၄၁ စင်း ရှိကြောင်း၊ အဆိုပါ တံတားကြီးငယ်များ၌ နှစ်စဉ်ပြည်တွင်း ရေကြောင်းနှင့် ပုဂ္ဂလိကပိုင် ရေယာဉ်များ အဝင် ၆၈၀၀ စင်း၊ အထွက်ပျမ်းမျှ ၆၈၈၅ စင်းခန့်မှ ကုန်တန်ချိန် ရန်ကုန်အဝင် ၃၆၃၅၂ တန်ခန့်နှင့် ရန်ကုန်အထွက် ၂၈၆၇၀၀ တန်၊ ခရီးသည် ရန်ကုန်အဝင် ၅၇၄၁၀၅၈ ဦးခန့်နှင့် ရန်ကုန်အထွက် ၇၁၇၈၅၀၀ ကုန်နှင့် ခရီးသည် တင်/ချ ပြုလုပ်လျက်ရှိကြောင်း၊ ဆိပ်ခံတံတားအလိုက် ဝင်ရောက်ဆိုက်ကပ်ခဲ့သော နိုင်ငံခြား ပင်လယ်ကူး သင်္ဘောကြီးများမှာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၁၅၉၈ စင်းရှိပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၁၇၁၉ စင်း တိုးမြှင့်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အနေဖြင့် ကုန်ကိုင်တွယ်နိုင်မှုပမာဏမှာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မက်ထရစ်တန်ပေါင်း ၁၆၁၄၇ ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မက်ထရစ်တန်ပေါင်း ၁၇၀၀၇ တိုးမြှင့် ကိုင်တွယ်နိုင်ခဲ့ကြောင်း၊ ကုန်သေတ္တာကိုင်တွယ်နိုင်မှုပမာဏမှာ ၂၀၀၉-၂၀၁၀ခုနှစ်တွင် TEU ထောင်ပေါင်း ၃၀၃ ဒသမ ၄၁၀ ကိုင်တွယ်နိုင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် TEU ထောင်ပေါင်း ၃၂၈ ဒသမ ၆၇၃ တိုးမြှင့် ကိုင်တွယ်နိုင်ခဲ့ကြောင်း၊ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ရေယာဉ်ကြီးများ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် အတွင်းစည်းခံ ရေလမ်းကြောင်း၌ နေ့စဉ် သောင်တူးရေယာဉ်ကြီးများဖြင့် သောင်တူးဖော်လျက်ရှိပြီး အပြင်စည်းခံ ရေလမ်းကြောင်း၌ လုံလောက်သောရေအနက် ရရှိစေရေးအတွက် ရေကြောင်းလမ်းပြမီးဖော်ယာများကို ရွှေ့ပြောင်း၍ ရေကြောင်း ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့ ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရထားစတင်ပြေးဆွဲ

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်း၏ ယိုးတရုတ်-ကျောက်တော်ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ရထားလမ်းပိုင်းကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ ၁၀-၄-၂၀၁၁

မုံရွာမြို့	၄၂	ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၂	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၂	ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၀	ဒီဂရီစင်တီဂရိတ်

ကြည့်မြင်တိုင်မြို့နယ်တွင် တူညီဝတ်စုံများပေးအပ်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးတွင် ဧပြီ ၇ ရက်က တန်ဖိုးငွေကျပ် ၃၁၁၂၅၀ ရှိ တူညီဝတ်စုံများ ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက အမှာစကားပြောကြားပြီး မြို့နယ်ရုံးဝန်ထမ်း ၄၃ ဦးတို့ကိုယ်စား မြို့နယ် ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးမောင်အား တူညီဝတ်စုံများကို ပေးအပ်သည်။ **(အောက်ပုံ)**

ပေးအပ်

ဆက်လက်၍ မြို့နယ်အတွင်း ၂၂ ရပ်ကွက်မှ ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား တူညီဝတ်စုံများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၄၂)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူးစည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြား မပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်) မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) မော်တော်ဆိုင်ကယ်စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်၊ မေးသိုင်းကြိုးတပ်ရမည်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်း မပြုရ၊ အရှိန်ပြင်းမောင်းနှင်ခြင်း မပြုရ၊ ဟွန်းသံစုံ တပ်ဆင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) **“သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်”**

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကျန်းမာရေးဝန်ကြီး ဒေါက်တာဖေသက်ခင် ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာဖေသက်ခင်သည် ဧပြီ ၆ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်နှင့် သုတေသနဌာနစုများ၏ တာဝန်ခံများနှင့်လည်းကောင်း၊ ရှင်းလင်းဆောင်၌ ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်းများနှင့် လည်းကောင်း တွေ့ဆုံရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) တည်ဆောက်ဖွဲ့စည်းမှုနှင့် သုတေသနဌာနစုအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဘွဲ့လွန်သင်တန်းများ တက်ရောက်ပြီးစီးမှု၊ ပြည်ပနိုင်ငံများသို့ စေလွှတ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အထောက်အကူပြုစေသည့် သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးဒေါက်တာဖေသက်ခင်နှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်နှင့် ဒေါက်တာဝင်းမြင့်တို့သည် ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)ရှိ ရောဂါဗေဒသုတေသနဌာနစုဓာတ်ခွဲခန်းများ၊ ရောဂါပြီးဗေဒသုတေသန ဓာတ်ခွဲခန်းများ၊ ဇီဝဓာတုဗေဒနှင့် တိုင်းရင်းဆေးသုတေသနဌာန ဓာတ်ခွဲခန်းများရှိ ခေတ်မီစက်ကိရိယာများနှင့် အသုံးပြုသုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဝန်ကြီးသည် ည ၇ နာရီခွဲတွင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘုတလင်မြို့နယ်၌ စိုက်ပျိုးစရိတ် ငွေပေးအပ်ပွဲကျင်းပ

ဘုတလင် ဧပြီ ၁၀

ဘုတလင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု အေးချမ်းသာ လယ်/ထွေလုပ်ငန်းအသင်းမှ အသင်းသားတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက ၎င်းကျေးရွာ အလကခွဲ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကအမှာစကားပြောကြားသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူးက အသင်းသားများအား စိုက်ပျိုးစရိတ်ငွေများကို ပေးအပ်သည်။ **(အောက်ပုံ)**

အေးချမ်းသာ ကျေးရွာအုပ်စုရှိ တောင်သူများအား စိုက်ပျိုးစရိတ် ငွေကျပ် သိန်း ၂၅၀ ထုတ်ချေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧပြီ ၃ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာန ကျိုင်းတုံမူလတန်းကြိုကျောင်း၌ ကျင်းပသော ပဒေသာကပွဲတွင် ဆုရရှိသူ မောင်မင်းခန့်ကျော်ထင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွှင်လွှင်နွယ် ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

ဖြန့်ချိရေးကိုယ်စားလှယ်ခန့်အပ်ကြောင်း စာချုပ်ချုပ်ဆို

ရန်ကုန် ဧပြီ ၁၀

Kao Commercial (Thailand Co., Ltd.) မှ Mr. Kozo Saito (President & CEO Kao Commercial Thailand) နှင့် Myanmar Indobest Co., Ltd(MIB) မှ ဦးဇော်လတ်(Managing Director-MIB Co., Ltd. တို့ Biore Brand Skin Care ကုန်ပစ္စည်းများ ဖြန့်ချိရေးကိုယ်စားလှယ်အဖြစ် ခန့်အပ်သဘောတူ စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက Park Royal Hotel အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။ **(အောက်ပုံ)**

<u>တင်သွင်းဖြန့်ချိ</u>

Biore Brand တွင် Facial Form,UV Protect Milk, Shower Cream,Make-up Remover များပါဝင်ပြီးMIB Co.,Ltd. က Biore Skin Care များနှင့် Kao White Soap(85g)&(130g) ပစ္စည်းများကို အမှတ် (၁၁) ဖေလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပစက်မှုဇုန် ဖုန်း-၅၇၇၉၉၆၊ ၅၇၈၆၆၈မှ တင်သွင်းဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပ အမက (၁၁)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမက (၁၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၇ခုနှစ်မှ ၂၀၁၀ ခုနှစ်ပညာသင်နှစ်များအတွင်း ပညာသင်ပေးခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ကိုထွန်းအောင်ကျော် ဖုန်း-၀၉-၇၃၀ ၄၆၃၉၆၊ ကိုခင်အောင်ကြည် ဖုန်း-၀၉-၈၆၁၅၂၈၄၊ ကိုဇော်ထက် ဖုန်း-၀၁-၉၆၉၀၀၈၁၊ ဒေါ်စန်းစန်းဝေ ဖုန်း-၀၁-၉၆၉၁၀၅၅ (လိုင်းခွဲ -၃၀၁)နှင့် ကိုခင်အောင်လှ ဖုန်း-၀၉-၅၁၆၁၅၉၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ပုသိမ်မြို့နယ် ရွှေပြည်သာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများ သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၈ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ လမ်း၊ တံတားနှင့် စက်ရေတွင်းဖွင့်

မုံရွာမြို့ နန္ဒဝန်ရပ်ကွက်၌ အရှည်ပေ ၂၅၇၀၊ အကျယ် ၁၂ပေရှိ စည်သူလမ်း ကတ္တရာလမ်းသစ်ကို မတ် ၂၄ ရက်က ဖွင့်လှစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မုံရွာခရိုင်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတစ်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့နယ် သီရိမွန်ကျေးရွာ၌ အများသုံးစက်ရေတွင်းဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့နယ် လယ်ရင်းတဲရွာနှင့်ကြေးအင်းရွာဆက်သွယ်သော ရွှေအင်းဝအောင်မင်္ဂလာတံတားဖွင့်ပွဲကို မတ် ၂၂ ရက်က အဆိုပါ တံတားမုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်နှင့် အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ ခတ်ချို-နောင်ပကပ်-နောင်ပတိန်းကျေးရွာချင်းဆက် ကျေးလက်မြေသားလမ်းကို မတ် ၂၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် ခတ်ချိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အခြေခံ မီးသတ်သင်တန်းဆင်းပွဲ တောင်တွင်းကြီး၌ကျင်းပ

တောင်တွင်းကြီး ဧပြီ ၁၀

အခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲကို ဧပြီ ၈ ရက် နံနက် ၈ နာရီက တောင်တွင်းကြီးမြို့ ရန်ပယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး ဒုတိယရဲမှူး တင်မျိုးအောင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အခြေခံစစ်ရေးပြနှင့် မီးသတ်သရုပ်ပြကြပြီးနောက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၁၇)

ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်သွက်လက်ရေး ဝန်ကြီး ဦးဝင်းမြင့် လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၁၀

ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်သွက်လက်ရေး ၊ ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ကုန်သည်/စက်မှုအသင်းချုပ်က ဦးဆောင်ပြီး ညီနောင်အသင်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အားလုံးက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရေးနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်က ဧပြီ ၉ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI အသင်းချုပ် မင်္ဂလာခန်းမ၌ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှကုန်သည်/စက်မှုအသင်းများ၊ ညီနောင်အသင်းများနှင့် ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ၌ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ(၁)၌ မြန်မာနိုင်ငံသားများဘဏ်နှင့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း (MITS) မှ တာဝန်ရှိသူများအားလည်းကောင်း၊ မွန်းလွဲ၂နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရုံး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့မှ အရာထမ်းများအား လည်းကောင်း တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်၊ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများ ရမ်ပူရပ်ကွက်ရှိ အနော်ရထာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်းကို မတ် ၂၁ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရေသိုလှောင်ကန် စစ်ဆေး

ကျေးသီး ဧပြီ ၁၀

ကျေးသီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးအတွက် ရေသိုလှောင်ကန်၌ ရေသိုလှောင်ထားရှိမှုကို အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့ ဧပြီ ၂ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သတိ

သင်္ကြန် ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင် ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး
မဟာသင်္ကြန်
စည်းကမ်းထိန်းသိမ်းရေး
ကော်မတီ

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ပညာရေးကော်မတီနှင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၁ ခုနှစ် နွေရာသီသင်တန်းများဖြစ်သော ယဉ်ကျေးမှုသင်တန်း၊ ဘောလုံးသင်တန်း၊ အေရိုးဗစ်သင်တန်းဆင်းပွဲများကို ဧပြီ ၈ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင် သင်တန်းဆင်းအမှာစကားပြောကြားစဉ်။ (ဝ၅၁)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး
မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြန်မာ့အလင်း စာတည်းထံပေးစာများ

ပလက်ဖောင်းပေါ်မှဆိုင် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းမပေါ် လမ်း ၄၀ ထိပ်တွင် ဖွင့်လှစ်ထားသော ဘီယာဆိုင်တစ်ဆိုင်သည် ညစဉ် ပလက်ဖောင်းပေါ်တွင် ဆိုင်ခင်းကျင်းရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများ သွားလာရန်ခက်ခဲပြီး ဆိုင်အတွင်း အော်ဟစ်ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါဆိုင်ကို သင့်လျော်ရာသို့ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသွားလမ်းလာများ

သစ်စက်မှဆူညံသံ ပတ်ဝန်းကျင်နားမခံနိုင်

စာတည်းခင်ဗျား-

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြန်မာရပ်ကွက် ရေခဲစက်လမ်းကြားရှိ အိမ်တစ်အိမ်၌ ပရိဘောဂလုပ်ငန်းကို နေ့စဉ်နှင့်အမျှ မိုးလင်းမှ မိုးချုပ်သည်အထိ လုပ်ကိုင်လျက်ရှိပြီး သစ်ခွဲစက်သံ၊ ရွှေပေါ်ထိုးသံ၊ ကြိုးထိုးစက်သံတို့မှ ထွက်ပေါ်လာသော ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံနိုင်သည့်အပြင် စိတ်အနှောင့်အယှက် ဖြစ်ရပါသောကြောင့် အဆိုပါလုပ်ငန်းကို သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ဆွေးမြည့် ဓာတ်မီးတိုင်ဟောင်း လဲပေးစေချင်

စာတည်းခင်ဗျား-

ပြင်ဦးလွင်မြို့ သုမင်္ဂလာ(၂၉)ကွက် ရွှေဘုံသာလမ်းနှင့် သစ်တောဘောလုံးကွင်း လမ်းကြားထောင့်ရှိ သစ်သားလျှပ်စစ်ဓာတ်မီးတိုင်သည် အောက်ခြေ၌ ဆွေးမြည့်လျက် ပြတ်လုတည်းကာရှိနေသဖြင့် လျှပ်စစ်အန္တရာယ် စိုးရိမ်ရပါသောကြောင့် အဆိုပါမီးတိုင်ဟောင်းကို လဲလှယ်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

ရပ်ကွက်အတွင်း ဓာတ်ဆီဆိုင်ကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ပြည်မြို့ပေါ်ရှိ ဆံတော်ရပ်ကွက်နှင့် ဆင်စုရပ်ကွက်ကြား သစ်ထုတ်လုပ်ရေးဝင်းနှင့် မျက်နှာချင်းဆိုင် သင်္ဘောဆိပ်လမ်းတွင် စက်သုံးဆီများကို ပီပါများဖြင့် လက်လီ၊ လက်ကား တရားမဝင်ရောင်းဝယ်နေလျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ရွှေသန့်စင်လုပ်ငန်းမှ ညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

တောင်ငူမြို့ (၈)ရပ်ကွက် သံတောင်လမ်း နေအိမ်တစ်အိမ်ရှိ ရွှေသန့်စင်လုပ်ငန်းမှညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

တောင်ငူသား

လမ်းမပေါ်ဘောလုံးကစားသူများ ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် သီရိနန္ဒာ ၂၇ လမ်းမပေါ်၌ နေ့ရောညပါ ဘောလုံးကစားခြင်း၊ အော်ဟစ်ငြင်းခုံခြင်းများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများနှင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

သီရိနန္ဒာလမ်းသား

ကျူးကျော်တဲများ ဖယ်ရှားပြီးဖြစ်

၂၉-၁၁-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကော့မှူးမြို့နယ် ထမ္ဘနိုင်ကျေးရွာ အလယ်ချောင်းဘေး မျက်နှာစာမှ ကျူးကျော်တဲများ ဖယ်ရှားပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကျူးကျော်ဆိုင်များ ဖယ်ရှားရှင်းလင်းပြီး

၁၄-၃-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်လမြိုင်မြို့ အမှတ်(၁) ခေတ်မီနှစ်ထပ်ဈေးသစ်ကြီးရှေ့ ဒေါင်းမင်းလမ်းနှင့် အောက်လမ်းမကြီးထောင့်ရှိ တီဗွီနှင့် ရေခဲသေတ္တာ အရောင်းဆိုင်အချို့ တီဗွီနှင့် ရေခဲသေတ္တာများ ကတ္တရာလမ်းပေါ်အထိ ကျူးကျော်ကာ ပစ္စည်းချခင်းခြင်း** ပေးစာနှင့်စပ်လျဉ်း၍ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာ ကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ် (၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား

မက်ဆီ သွင်းဂိုးများဖြင့် ဘာစီလိုနာ နိုင်ပွဲရရှိ ရီးရဲမက်ဒရစ်အတွက် ကာကာဂိုးသွင်းပြီး အမှတ်ပြည့်ယူ

မောင်မောင်မြင့်ဆွေ

ရေးသားသည်

မက်ဒရစ် ဧပြီ ၁၀

စပိန်လာလီဂါပွဲစဉ်များကို ဧပြီ ၁၀ ရက် နံနက်က ဆက်လက် ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာနှင့် အယ်မီရီးရာတို့ပွဲတွင် ဘာစီလိုနာက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အက်သလက်တီကိုနှင့် ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်တို့ကလည်း သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာနှင့် အယ်မီရီးရာတို့ပွဲတွင် အိမ်ကွင်း၌ မက်ဆီ(**ဝဲပုံ**) တစ်ဦးတည်း ၅၃ မိနစ်၌ ပယ်နယ်တီမှ တစ်ဂိုးနှင့် ၈၂ မိနစ်၌ တစ်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၄ မိနစ်၌ တီရာဂိုက တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ဘာစီလိုနာတို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ အယ်မီရီးရာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၅၀၌ ကိုရီနာက သွင်းယူပေးခဲ့သဖြင့် ဘာစီလိုနာက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုနှင့် ရီးရဲမက်ဒရစ်တို့ပွဲတွင် ၁၄မိနစ်နှင့် ၅၄မိနစ်တို့၌ ပယ်နယ်တီပြစ်ဒဏ်ဘောများရရှိရာ ကာကာတစ်ဦးတည်း ကန်သွင်းပြီး နှစ်ဂိုးရရှိအောင် စွမ်းဆောင်ပေးခဲ့သည်။ ထို့နောက် ပွဲချိန် မိနစ် ၇၀၌ စီရိုနယ်ဒိုက တစ်ဂိုး သွင်းယူပေးခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ မာလော့ကာနှင့် ဆီဗီလာတို့ပွဲတွင် နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။ ဆီဗီလာအတွက် ဂိုးများကို ၁၆မိနစ်၌ အီနာဂါက တစ်ဂိုးသွင်းယူပြီး ၄၂မိနစ်၌ ဂူမင်းက တစ်ဂိုးသွင်းယူခဲ့သည်။ ဆီဗီလာအတွက် ဂိုးများကို ၃၁မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် နီဂရာဒိုက တစ်ဂိုးသွင်းယူပြီး ၆၈မိနစ်၌ ရာကီတစ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ ယနေ့ပွဲအပြီးတွင် တန်းစီဇယားထိပ်ဆုံးမှ ဘာစီလိုနာနှင့် ဒုတိယနေရာမှ ရီးရဲမက်ဒရစ်တို့ ပွဲတူရှစ်မှတ်ကွာလျက် ရှိနေဆဲပင်ဖြစ်သည်။ **(အင်တာနက်)**

ရစ်ဘာရီနှင့် ဂိုမက်ဇ်တို့ ဘိုင်ယန်မြူးနစ်ကလပ်၌သာ ကစားမည်

မြူးနစ် ဧပြီ ၁၀

ဘိုင်ယန်မြူးနစ်ကစားသမား ရစ်ဘာရီ(ဝဲ)နှင့် ဂိုမက်ဇ်(ယာ)တို့က ၎င်းတို့၏အနာဂတ်ဘောလုံးသမားဘဝကို ဘိုင်ယန်မြူးနစ်အသင်း၌ပင် ကုန်ဆုံးစေမည်ဖြစ်ကြောင်း ကတိပြုခဲ့ကြသည်ဟု ယင်းကလပ်က ဧပြီ ၉ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ပြင်သစ်နှင့် ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ရစ်ဘာရီသည် ဘိုင်ယန်မြူးနစ်ကလပ်နှင့် ၂၀၁၅ ခုနှစ်အထိ စာချုပ်ချုပ်ဆိုမည် ဖြစ်သည်။

ထို့အတူ ဂျာမနီနှင့် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဂိုမက်ဇ်သည်လည်း ၂၀၁၃ ခုနှစ်အထိ ယင်းကလပ်နှင့် စာချုပ်ထားသည်။ မိမိသည် ဘိုင်ယန်မြူးနစ်၌ ကစားရသည်မှာ ပျော်ရွှင်ကြောင်း၊ မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ရစ်ဘာရီက ပြောကြားသည်။ ဘိုင်ယန်မြူးနစ်အတွက် ဂိုးပေါင်း ၃၀ သွင်းယူပေးထားသည့် ဂိုမက်ဇ်ကလည်း ဘိုင်ယန်မြူးနစ်အသင်းမှ မည်သည့်အခါမျှ ထွက်ခွာမည်မဟုတ်ကြောင်း ပြောကြားသည်။ ရစ်ဘာရီနှင့် ဂိုမက်ဇ်တို့နှစ်ဦးကို ပရီမီယာလိဂ်နှင့် လာလီဂါထိပ်တန်းကလပ်များက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ (အင်တာနက်)

လီဗာပူးအသင်း မလေးရှားသို့ လာရောက်ကစားမည်

ကွာလာလမ်ပူ ဧပြီ ၁၀

လီဗာပူးဘောလုံးအသင်းသည် လာမည့် ဇူလိုင်လ၌ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ရာသီအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် လာရောက်ကစားမည်ဖြစ်ကြောင်း မလေးရှားမှ အားကစားအရာရှိများက ဧပြီ ၉ ရက်၌ ပြောကြားသည်။

ပထမဆုံး

မလေးရှားနိုင်ငံသို့ လီဗာပူးအသင်း (အပေါ်ပုံ) လာရောက်ကစားခြင်းမှာ ပရီမီယာလိဂ်ထိပ်တန်းအသင်းတစ်သင်းအနေဖြင့် ပထမဆုံးအကြိမ်ပင်ဖြစ်သည်။

လီဗာပူးအသင်းသည် မလေးရှားခရီးစဉ်ပြီးလျှင် တရုတ်နှင့်တောင်ကိုရီးယားနိုင်ငံများသို့လည်း ချစ်ကြည်ရေးပွဲများကစားရန် ဆက်လက်သွားရောက်မည်ဖြစ်မည်။

ကစားခဲ့

လီဗာပူးအသင်းအနေဖြင့် အာရှခရီးစဉ်အဖြစ် ၂၀၀၉ ခုနှစ်က ထိုင်းနှင့် စင်ကာပူနိုင်ငံများသို့ ၁၀ ရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်ကစားခဲ့ဖူးသည်။

လီဗာပူးအသင်းသည် မလေးရှားနိုင်ငံသို့ လာရောက်ကစားခြင်းမှာ မလေးရှားနိုင်ငံ၏ ဘောလုံးအားကစားကို မြှင့်တင်ပေးရာရောက်သည့်အပြင် ပရိသတ်များအနေဖြင့် လီဗာပူးအသင်းကစားသမားများနှင့် ရင်းနှီးစွာ တွေ့ဆုံခွင့်ရရှိစေမည်ဖြစ်ကြောင်း မလေးရှားဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဆူလ်တန် အာမက်ရှိတ်က ပြောကြားသည်။ (အင်တာနက်)

မြင့်မောင်စိုး – စုစည်းသည်

အက်စ်တွန်ဗီလာအသင်း တန်းဆင်းဇုန်နီးသော်လည်း ပရိသတ်များထောက်ခံအားပေးနေဆဲ

လန်ဒန် ဧပြီ ၁၀

အက်စ်တွန်ဗီလာနည်းပြ ဂျရက်ဟူလီယာ(**အပေါ်ပုံ**)သည် အသင်း၏တိုးတက်ရာ တိုးတက်ကြောင်းကို ကြိုးစားပေးလျက်ရှိကြောင်း၊ အလုံးစုံထောက်ခံမှုလည်း အားပေးထားကြောင်း အက်စ်တွန်ဗီလာအသင်းကပြောကြားသည်။

တိုးတက်မှုရှိခဲ့

အက်စ်တွန်ဗီလာအသင်းသည် တန်းဆင်းဇုန်အထက်၌ နှစ်မှတ်အသာ ရှိနေကြောင်း၊ သို့သော် ကောလင်း၊ ဂျွန်ဆင်၊ ဘင့်၊ ဒေါင်းနင်းတို့ကဲ့သို့ ကစားသမားကောင်းများ ရှိနေခြင်းကြောင့် ပြီးခဲ့သည့် နှစ်ပွဲတွင် တိုးတက်မှုများရှိခဲ့ကြောင်း၊ ယင်းအတွက် ပို၍ထောက်ခံကြောင်း အက်စ်တွန်ဗီလာအသင်း အမှုဆောင်အရာရှိ ပါဖော့နားက ပြောကြားသည်။

ဝေဖန်ပြောကြား

လီဗာပူးနည်းပြဟောင်း ဂျရက်ဟူလီယာသည် ၂၀၁၀ ခုနှစ် စက်တင်ဘာလက အက်စ်တွန်ဗီလာနည်းပြ ဖြစ်လာခြင်းဖြစ်သည်။ လွန်ခဲ့သည့်ခုနစ်ပွဲတွင် တစ်ပွဲသာအနိုင်ရထားသဖြင့် အသင်းပရိသတ်များက ၎င်းအား ဝေဖန်ပြောကြားလျက်ရှိသည်။

(အင်တာနက်)

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ တိုက်စစ်မှူးရွှန်နေ လွဲချော်မည်

လန်ဒန် ဧပြီ ၁၀

မန်ယူတိုက်စစ်မှူး ရွှန်နေသည် နှစ်ပွဲပိတ်ပင်ခံရသဖြင့် မန်စီးတီးနှင့် ဧပြီ ၁၆ ရက်တွင် ကစားမည့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲတွင် လွဲချော်မည်ဖြစ်သည်။

ဝန်ခံထား

ရွှန်နေသည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၁)တွင် ဝက်စ်ဟမ်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်ချိန် ဟက်ထရစ်ဂိုးသွင်းပြီးနောက် ကစားကွင်းကင်မရာရှေ့တွင် ညစ်ညမ်းစကားလုံးများ ပြောဆိုခဲ့သည်။ ၎င်းအတွက် အပြစ်ရှိကြောင်းလည်း ရွှန်နေ(**အောက်ပုံ**)က ဝန်ခံထားသည်။

လွဲချော်

အသက် ၂၅နှစ်အရွယ်ရှိ ရွှန်နေသည် ဝင်ဘလေကွင်း၌ ကစားမည့် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲနှင့် လွဲချော်မည်ဖြစ်သည်။

(အင်တာနက်)



မန်ယူနှင့် ကစားသည့်ပွဲ ပယ်နယ်တီရသင့်ဟု ချယ်လ်ဆီးနည်းပြဆို

လန်ဒန် ဧပြီ ၁၀

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ချယ်လ်ဆီးက မန်ယူကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းမှာ ဒိုင်လူကြီးက ပယ်နယ်တီပေးသင့်သည်ကို မပေးခဲ့၍ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြအန်ဆယ်လော့တီ(**အပေါ်ပုံ**)က ဆိုသည်။

ငြင်းဆိုခဲ့

မန်ယူကစားသမား အီဗရာက ရာမီရက်စ်အား ကြမ်းတမ်းစွာ ကစားခဲ့သော်လည်း ဒိုင်လူကြီး မာလန်ကိုက ပယ်နယ်တီပေးရမည်ကို ငြင်းဆိုခဲ့သည်။ အီဗရာက မန်ယူဂိုးဧရိယာအတွင်း ရာမီရက်စ်၏ ခြေထောက်ကို ဆွဲချခြင်းဖြစ်သည်။

ကစားရမည်

ချယ်လ်ဆီးနှင့် မန်ယူတို့သည် လာမည့် ဧပြီ ၁၂ ရက်တွင် ဒုတိယအကျော့အဖြစ် မန်ယူအိမ်ကွင်း၌ ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

11-4 (12).pmd 1 4/11/2011, 2:38 AM

မြိုင်တိုက်နယ်ဆေးရုံသို့ ဆေးပဒေသာပင် လှူဒါန်း

ရှောင် ဧပြီ ၁၀

ရှောင်မြို့နယ် အလယ်ချောင်ကျေးရွာအုပ်စု အလယ်ချောင် စံပြကျေးရွာမှ မြိုင်တိုက်နယ်ဆေးရုံ ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက မြိုင်တိုက်နယ် ဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှောင်မြို့နယ် အလယ်ချောင်ကျေးရွာအုပ်စု အလယ်ချောင် စံပြကျေးရွာမှ ဆရာတော် ဦးပဉ္စာအမှူးပြုသည့် ရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများက မြိုင်တိုက်နယ် ဆေးရုံသို့ ဆေးပဒေသာပင် အလှူတော်ငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းရာ တိုက်နယ်ဆရာဝန် ဒေါက်တာရန်နောင်သန်းကလက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဗန်းမော်မြို့၌ ကျင်းပ

ဗန်းမော် ဧပြီ ၁၀

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီခွဲက ဗန်းမော်မြို့နယ် သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွှန့်က အမှာစကားပြောကြားပြီးနောက် ဆက်လက်၍ တီဘီရောဂါအကြောင်း သိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို ခရိုင်တီဘီရောဂါ တိုက်ဖျက်ရေးဌာနအဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်လွင်ဝင်းက ရှင်းလင်းပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

(ခရိုင်ကျန်းမာရေး)

ဧပြီ ၅ ရက်က ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် (၁၆)ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ တေဇာရာမ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းတွင် သံကူကွန်ကရစ် နှစ်ထပ်စာသင်ဆောင်ဖွင့်ပွဲနှင့် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရာ ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ကျန်းမာပျော်ရွှင် မီးအိမ်ရှင် ခေါင်းစဉ်ဖြင့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ဟောပြောစဉ်။

(မြန်မာ့အလင်း)

နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်

မော်လိုက် ဧပြီ ၉

မော်လိုက်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကို မော်လိုက်မြို့ တပ်ဦးကျောင်း၌ မတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။

ပေးအပ်လှူဒါန်း

အဆိုပါသင်တန်းသို့ ကျောင်းသားကျောင်းသူ ၃၀တို့ တက်ရောက်ကြပြီး ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငွေးငွေးမော်နှင့် အဖွဲ့ဝင်များက စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကော့ကရိတ်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ကော့ကရိတ် ဧပြီ ၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ကော့ကရိတ်ခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ကော့ကရိတ်မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇော်ဦးနှင့် မြေစာရင်းဝန်ထမ်းများသည် မတ် ၁၄ရက်က အမှတ်(၇) တံတားဦးရပ်ကွက်၌ ၂၀၁၀လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင် ပါဝင်သော နောက်ဆက်တွဲစာရင်းများ ကောက်ယူရေးလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။**(အောက်ပုံ)**

ကွင်းဆင်းဆောင်ရွက်

ကော့ကရိတ်မြို့နယ် မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများသည် နောက်ဆက်တွဲ စာရင်းများကောက်ယူရေးလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ရက်မှ မတ် ၃၁ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နွေရာသီ အားကစားသင်တန်းဆင်းပွဲ ဂန့်ဂေါမြို့နယ်၌ ကျင်းပ

ဂန့်ဂေါ ဧပြီ ၉

ဂန့်ဂေါမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သည့် နွေရာသီ အားကစားသင်တန်းဆင်းပွဲကို မတ် ၃၀ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေနှင့် ဂန့်ဂေါခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးတို့က သင်တန်းဆင်းလက်မှတ်များနှင့် အားကစားပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(၁၀၁)**

မြို့နယ်သတင်း ထွေတလာ

မြို့သာယာလှပရေး ဆောင်ရွက်

ကျိုက်မရော ဧပြီ ၉

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဧပြီ ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ပုဏ္ဏားကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးဌေးတို့ ဥယျာဉ်သာလမ်းပေါ်ရှိ သံကူကွန်ကရစ် တံတားဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၃ ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်မြို့နယ် ဆန်ဆိုင်း(ခ)ရပ်ကွက် မြရွှေရည်လမ်းရှိ အမှိုက်ပုံအား မြေထိုးစက်ဖြင့်ရှင်းလင်းမှုကို မတ် ၈ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနှင့် ဝန်ထမ်းများဆောင်ရွက်စဉ်။ (ဝ၆၀)

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းဖြစ်သော သဲတော-ဝမ်းတွင်းလမ်း ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို မတ် ၂၈ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ညီညီရီနှင့်အဖွဲ့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နမ့်ပန်ခန်းမရှေ့၌ မြေယာရှုခင်းအလှ ဆောင်ရွက်ခြင်းလုပ်ငန်းကို မတ် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နယ် ပြည်ထောင်စုလမ်းဘေး ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဝင်းဇော်၊ ဒုတိယဦးစီးမှူး(သန့်) ဦးဘရန်ဆိုင်းနှင့် ကျန်းမာရေးမှူး(၂) ဦးနွေလွန်ဦးတို့ မတ် ၁ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၆၆)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်း၏ ယိုးတရုတ် - ကျောက်တော်ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်း အောင်မြင်စွာဖွင့်လှစ်

ကားလမ်း၊ ရထားလမ်းများမှတစ်ဆင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ လွယ်ကူစွာ သွားလာနိုင်တော့မည်

ရန်ကုန် ဧပြီ ၁၀

မြန်မာ့မီးရထားက ဖောက်လုပ်လျက်ရှိသည့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်း၏ ယိုးတရုတ်-ကျောက်တော်ရထားလမ်းပိုင်းဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့ ကျောက်တော်ဘူတာ၌ ကျင်းပခဲ့သည်။

အဆိုပါ ရထားလမ်းပိုင်းကို မြန်မာ့မီးရထားက ဖောက်လုပ်ချိန် ၁၁ လဖြင့် ပြီးစီးအောင် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ရထားလမ်းအရှည် ၁၉ ဒသမ ၈၂ မိုင်ရှိသည်။ ရထားလမ်းပိုင်းတွင် ပေ (၁၈၀) အထက် တံတားနှစ်စင်းနှင့် ပေ (၁၈၀)အောက် တံတား ၆၁ စင်း ပါရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✳

11-4 (20).pmd 1 4/11/2011, 2:38 AM